# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကို အကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါဝဝဂ်(ခမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ တပေါင်းလကွယ် အင်္ဂါနေ့။ Tuesday, 17 March 2026 ၁၂၁၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တို့အား ရွေးကောက်တင်မြှောက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်းတို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

**နေပြည်တော် မတ် ၁၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ကြရာ သဘာပတိလောင်းအဖြစ် တင်မြှောက်ရန် အမည်စာရင်း တင်သွင်းသူနှစ်ဦးရှိသည့် အတွက် လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# အစဉ်အလာကောင်းများကိုထိန်းသိမ်း နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်မြှင့်တင်

တပ်မတော်၏ အဓိကတာဝန်သည် ပြည်ပရန်ကာကွယ်ရေးဖြစ်သော်လည်း နိုင်ငံတွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာအခြေအနေများအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဝင်ရောက်ထိန်းသိမ်းနေရခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော် ကောင်းရာကောင်းကျိုးကို အစဉ်အဆက် လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် (Standard Army)ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်လျက်ရှိသည်။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ဖွဲ့စည်းတည်ဆောက်ဖြစ်ပေါ်လာခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေး၊ ပြည်ပကျူးကျော်မှုများကို တွန်းလှန်ကာကွယ်ရေးစသည်တို့ကို တပ်မတော်၏ ရှိသမျှအင်အားများကိုစုစည်း၍ ကာကွယ်စောင့်ရှောက်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) သောင်းကျန်းမှု၊ KNDO သောင်းကျန်းမှု၊ တရုတ်ကူမင်တန်ကျူးကျော်မှု စသည့်စစ်ဆင်ရေးများကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည်။ မျက်မှောက်ကာလတွင် တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် ခြေလှုပ်တပ်ရင်းတပ်ဖွဲ့များသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံအတွင်းရှိ အမျိုးသမီးစွမ်းပကားကို အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် အမျိုးသမီးစစ်မှုထမ်းများကို ၂၀၁၄ ခုနှစ်မှစ၍ အမှုထမ်းခွင့်ပြုခဲ့သည်။ ယခင်က တပ်မတော်တွင် အမျိုးသမီးများကို ဆေးဝန်ထမ်းတပ်ဖွဲ့၌ ဆရာဝန်၊ သူနာပြုများအဖြစ်သာ ခန့်အပ်ခဲ့ရာမှ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်း၊ အမျိုးသမီးစစ်သူနာပြုသင်တန်းနှင့် အမျိုးသမီးတပ်သားသစ်သင်တန်းတို့ကို ခေါ်ယူပြီး အမျိုးသမီးများ၏ စွမ်းအားများကို အကျိုးရှိရှိ အသုံးချနိုင်ခဲ့သည်။ လက်ရှိအချိန်တွင် အမျိုးသမီးအရာရှိနှင့် အခြားအဆင့် ၅၀၀၀ ကျော်အနေဖြင့် အမျိုးသားများနှင့်တန်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီဖြစ်သည်။ ထူးခြားမှုအနေဖြင့် အမျိုးသမီးလေသူရဲ၊ လေယာဉ်မှူးများကို မွေးထုတ်ပေးနိုင်ခဲ့သည်မှာ မှတ်ကျောက်တင်ဂုဏ်ယူစရာဖြစ်သည်။

ထို့အပြင် နိုင်ငံတော်၌ ရှိသေခံညားလောက်သည့် ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားရရှိနိုင်ရန်အတွက် ၁၉၅၉ ခုနှစ်ကတည်းကရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြင်ဆင်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်သွင်းကာ အာဏာတည်စေခဲ့ပြီး အကောင်အထည်ဖော်ကျင့်သုံးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်သွေးချွေးများပေးဆပ်၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်လျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေမှုများကို နိုင်ငံတော်နှင့်တပ်မတော် အနေဖြင့် အသိအမှတ်ပြုလျက်ရှိသကဲ့သို့ လိုအပ်သည့် ထောက်ပံ့မှုများနှင့် ရပိုင်ခွင့်များကို ဆောက်ရွက်ပေးလျက်ရှိသည်။

ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း ဖွဲ့စည်းတည်ဆောက်နိုင်ခဲ့ပြီး ရေငုပ်သင်္ဘောစစ်ရေယာဉ် မင်းရဲသင်္ဘောနှင့် မင်းရဲကျော်ထင်တို့ကို တပ်တော်ဝင် အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်နိုင်သည့် ဒေသတွင်းရှိ တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။ မကြာမီက တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း)သည် နိုင်ငံ၏ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ပြည်တွင်း၌ တည်ဆောက်သည့် သင်္ဘောများတွင် အကြီးဆုံးဖြစ်သည်။ စစ်ရေယာဉ်များကို ပြည်တွင်း၌ တည်ဆောက်နိုင်ခြင်းကြောင့် နိုင်ငံ၏ ရေပြင်ပိုင်နက်ကို ပိုမိုစိုးမိုးကာကွယ်နိုင်မည်ဖြစ်သည်။ တပ်မတော်(လေ)နှင့်ပတ်သက်၍လည်း လိုအပ်သည့် လေယာဉ်နှင့် ရဟတ်ယာဉ်များကို ဖြည့်တင်းဆောင်ရွက်နိုင်ခဲ့သည်။ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်၊ ရဟတ်ယာဉ်များကို နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး တပ်မတော်ကို အထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်ကို ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် ခြေလှုပ်တပ်ရင်းတပ်ဖွဲ့များသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးတပ်ဖွဲ့များတွင်လိုအပ်သည့် လက်နက်စနစ်များအပြင် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများဖြည့်တင်းခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်တပ်ဖွဲ့များအားလုံး၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအားများကို အစဉ်မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်၏ မွန်မြတ်သည့်အမွေ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်ပေးလျက်ရှိပါကြောင်း။ ။

# ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲပြီးလို့ လွတ်တော်ပေါ် အာဏာသွဲ့ဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူ့အပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၁၆ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၆ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အဝိတ်ဈေး (ကျပ်) | ရွယ်ယာစောင်ရေ | ရွယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၂,၅၀၀ | ၆၈၂ | ၈,၅၁၃,၀၀၀ |
| MTSH | ၆,၄၀၀ | ၆,၃၀၀ | ၂,၄၁၇ | ၁၅,၃၁၇,၅၀၀ |
| MCB | ၈,၅၀၀ | ၈,၆၀၀ | ၄၇၀ | ၃,၉၉၇,၀၀၀ |
| FPB | ၃,၆၀၀ | ၃,၆၀၀ | ၁,၈၆၆ | ၆,၇၁၇,၆၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၂၄၅ | ၈၂၆,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၇၀၁ | ၂,၉၀၁,၇၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၃၀၀ | ၁,၂၀၀,၀၀၀ |
| MAEX | ၃,၆၀၀ | ၃,၆၀၀ | ၂,၈၉၉ | ၁၀,၃၀၆,၃၅၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၁၇၂ | ၅၄၁,၈၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၂၃၃ | ၉,၀၈၇,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှုရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်းသတင်းထောက်များ - စိုးအောင်၊ ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တာဝန်လွှဲအပ်

သဘာပတိ ဒေါက်တာ နန္ဒကျော်စွာက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကို တာဝန်လွှဲအပ်စဉ်။

☆ ရှေ့ဖိုးမှ

မဲအများဆုံးရရှိသည့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက်သဘာပတိဒေါက်တာ နန္ဒကျော်စွာက ပြည်သူ့လွှတ်တော်၏ ရှေ့မောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြု ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဘာပတိက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

**ကတိသစ္စာပြု**

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာ ပွင့်ဆန်းက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌလောင်းအဖြစ် ဓေယျာသီရိ မဲဆန္ဒနယ်မှ ဦးခင်ရီ တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁)အရ ဓေယျာသီရိ မဲဆန္ဒနယ်မှ ဦးခင်ရီအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ရာ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၃)အရ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းအား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

စာမျက်နှာ ၄ သို့ ☆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

# ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနဲ့အညီ ပြည်သူများနဲ့ ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးရန် ကြိုးပမ်းဆောင်ရွက်

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာရရှိကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကိုယ်စားလှယ်များက ပြည်သူများကိုယ်စားကျွန်တော့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ပေးခဲ့ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ကျွန်တော့်ဘဝရဲ့ တစ်သက်တာအမှတ်တရအဖြစ် ရင်ဝယ်လေးစားစွာ သိမ်းဆည်းထားပါကြောင်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဒီနေ့ဟာ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့အတွက် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြည်သူ့ဆန္ဒနဲ့အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာတဲ့ သမိုင်းမှတ်တမ်းတင် ဂုဏ်ယူစရာနေ့ တစ်နေ့လည်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်များက ကျွန်တော့်ကို ယုံကြည်စွာ တာဝန်အပ်နှင်းမှုအပေါ် အလေးအနက်ခံယူပြီး ဒီတာဝန်ကို ကျေပွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနဲ့အညီ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း အလေးအနက်ထား ကတိပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ ပိုင်းဝန်းဖေါဆောင် သွားကြစေလိုပါတယ်။ ဒါ့အပြင် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အားလုံးနဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်နည်းပြောရရင် ပိုမိုခိုင်မာပြည်မြဲနိုင်မယ်လို့ အလေးအနက် ယုံကြည်ပါကြောင်းလည်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ အချုပ်အခြာ မဏ္ဍိုင်သုံးရပ်အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်၏ အဓိကတာဝန် ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အာဏာ မဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမှာဖြစ်ပြီး ပြည်သူကို ကိုယ်စားပြုခြင်းကိုလည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ ခေတ်စနစ် အခြေအနေများနဲ့ ကိုက်ညီမှုရှိစေရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ပြည်သူများနဲ့ ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်နဲ့ ပြည်သူ့ကောင်းကျိုးအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ နားလည်သဘောပေါက်စေရန် ပြန်လည်မျှဝေပေးရမှာက လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

အချုပ်အားဖြင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူလူထု၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်း တို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကို တာဝန်လွှဲအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရုပ်နှာလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုကြစဉ်။

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၆ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ မတ် လ ၁၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ )တွင် ဖော်ပြထားသည့်အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) ကရင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈ | အစား | ကြည်း ၃၂၈၃၅ |
| ဗိုလ်မှူးကြီး မင်းသူကျော် | | ဗိုလ်မှူးကြီး စိုးမိုးဝင်း |

(ခ) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇ | အစား | ကြည်း ၃၀၃၃၉ |
| ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | | ဗိုလ်မှူးကြီး စိုးမင်းဦး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မိတ်ဆက်တွေ့ဆုံ

ပုသိမ် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မိတ်ဆက်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ လွှတ်တော်ရုံး ပင်မအဆောက်အအုံရှိ Banquet Hall ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာများကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ခုနစ်ခုဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ကိုယ်စားလှယ်တည်းခိုဆောင်များတွင် ပစ္စည်း ၂၆ မျိုး ထောက်ပံ့ပေးထားပြီး စားသောက်ရေးအတွက်လည်း အကောင်းဆုံးစီမံပေးထားကြောင်း၊ သတင်းပို့သည့်နေ့ရက်မှ အစည်းအဝေးကျင်းပသည့်နေ့အထိ လွှတ်တော်ဝင်းအတွင်း နေ့စဉ် နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများ၊ ကျန်းမာရေးအခြေခံစစ်ဆေးမှုများကို ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားပြီး လွှတ်တော်ရုံးခုတိယ၊ တတိယထပ်ရှိ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ လွှတ်တော်ခန်းမတွင် ကိုယ်စားလှယ်များ နေရာချထားမှုနှင့် အဆောက်အအုံအတွင်းပါဝင်သော အခန်းဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သိရှိလိုသည်များကို ဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) စတင်ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်ခြင်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သထုံမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြော

သထုံ မတ် ၁၆

မွန်ပြည်နယ် သထုံမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ ပြဖွဲ့ပြိုင်ပွဲများပြုလုပ်ခြင်းတို့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလင်္ဂေးက ကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာအုပ်၊ စာပေတို့ကိုလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံသားကောင်းလူငယ်များဖြစ်လာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး စသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေးဆိုင်ရာတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပုံပြင်ပြော၊ ကဗျာရွတ်၊ ပန်းချီပြိုင်ပွဲတို့ကို ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆောင်းသီးနှံနေကြာ ယှဉ်ပြိုင်စမ်းသပ်ကွက်အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းကြည့်ရှု

ဒိုက်ဦး မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာရှိ ရွှေလွင်မြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင် ရှရှားနေကြာ သုံးမျိုး ၁၅ ဧက ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ ယင်းသို့စစ်ဆေးရာ နေကြာပင်များမှာ အပင်သက်တမ်း ရက် ၄၀ ကျော်လာပြီဖြစ်သည့် အတွက် ပန်းများစတင်ဖူးပွင့်နေပြီး အစေ့အဆန်အောင်မြင်စေရန် ပျားလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ပျားပုံးများ အချိန်မီချထားရန်၊ ရေဆင်း(၇) ခွေနှမ်းနက်(စပ်မျိုး)ကို ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး စနစ်တကျဆောင်ရွက်ရန်နှင့် အသီးအပွင့်များအောင်မြင်စေရန် ရှရှားဆေး Humate Plus၊ Florata၊ Super Boron များကို ထည့်သွင်းရမည့်အချိန်တွင် စနစ်တကျဖျန်းပက်ရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီရိငါးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

နေပြည်တော် မတ် ၁၆

သီရိငါးမြို့နယ် အတွင်းရှိ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များနှင့် မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ် (CEIR) အကြောင်း သိကောင်းစရာနှင့် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေနော်ဝင်းက အမှာစကား ပြောကြားပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှငွေက CEIR စနစ်အကြောင်း သိကောင်းစရာများနှင့် အခွန်အမှတ်တံဆိပ် ကပ်နိုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထို့နောက် တက်ရောက်လာကြသည့် ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များနှင့် လက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများအား CEIR အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တင့်ဖူးခိုင်(ပြန်/ဆက်)**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# တစ်မြစ်တွင်းရေအတူသောက်သုံးကာ အနာဂတ်ပုံရိပ်သစ်ကို အတူရေးဆွဲခြင်း

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား

လန်ချန်း-မဲခေါင်မြစ်သည် တရုတ်နိုင်ငံ ချင်းဟိုင်-ရှီးဇန်ကုန်းမြင့် ဒေသမှ စတင်မြစ်ဖျားခံပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် ငါးနိုင်ငံကို ဖြတ်သန်းကာ တောင်တန်းချိုင့်ဝှမ်းများကြားတွင် ကီလိုမီတာ ၄၀၀၀ ကျော် ကွေ့ကောက်စီးဆင်းလျက် မြစ်ဝှမ်းဒေသရှိ သန်းပေါင်းများစွာသော ပြည်သူများကို ပုံပိုးပျိုးထောင်ပေးလျက်ရှိကာ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံတို့ကို နီးကပ်စွာချိတ်ဆက်ထားပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (LMC) ပထမဆုံးအကြိမ် နိုင်ငံခေါင်းဆောင်အစည်းအဝေးကို ဟိုင်နန်ပြည်နယ် စန်းယမြို့တွင် အောင်မြင်စွာကျင်းပခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားပေါ်ထွက်လာခဲ့သည်။ ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အစီအမံမှ လက်တွေ့လုပ်ဆောင်ချက်သို့လည်းကောင်း၊ အခြေခံတည်ဆောက်မှုမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသို့လည်းကောင်း ပြောင်းလဲလာခဲ့ပြီး ဒေသတွင်း၏ သက်ဝင်လှုပ်ရှားမှုအရှိဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံး ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခု ဖြစ်လာခဲ့သည်။

### ထွန်းလင်းတောက်ပသော အနာဂတ်စာမျက်နှာသစ်ကို သီကုံးရေးဖွဲ့

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူ ပူအမျှအသိုက်အဝန်း တည်ဆောက်မှုသည် ထွန်းလင်းတောက်ပသော အနာဂတ်စာမျက်နှာသစ်ကို သီကုံးရေးဖွဲ့ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံသည် ခေါင်းဆောင်များ၏ အရေးပါသော သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ထိပ်ပိုင်းဆိုင်ရာ စီမံကိန်းရေးဆွဲမှုနှင့် ယန္တရားတည်ဆောက်မှုများကို စဉ်ဆက်မပြတ် အားဖြည့်ကာ ငါးနှစ်စီမံကိန်းနှစ်ခုကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံတို့၏ မဟာဗျူဟာ အပြန်အလှန်ပံ့ကြည်မှု ဆက်လက်နက်ရှိခဲ့လာခဲ့ပြီး တရုတ်-လာအို၊ တရုတ်-ကမ္ဘောဒီးယား၊ တရုတ်-မြန်မာ၊ တရုတ်-ထိုင်း၊ တရုတ်-ဗီယက်နမ် စသည့် နှစ်နိုင်ငံ အကြား အေးအတူပူအမျှ အသိုက်အဝန်းများ အသီးသီးအကောင်အထည်ဖော်ခဲ့သည်။ လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုသည် နိုင်မာစွာတိုးတက်လာခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် South-South Cooperation ၏ စံနမူနာဖြစ်လာခဲ့ကာ နိုင်ငံခြောက်နိုင်ငံ၏ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးခဲ့ပြီး ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူတကွ သာယာဝပြောရေးတို့အတွက် အရေးပါသော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် ကဏ္ဍစုံ၊ အဆင့်ပေါင်းစုံနှင့် ကျယ်ပြန့်သော နယ်ပယ်သစ်ပုံစံကို ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံခြောက်နိုင်ငံသည် မိတ်ဆွေစိတ်ဓာတ်ကို မြှင့်တင်ကာ ခေါင်းဆောင်များအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အရာရှိကြီးများအစည်းအဝေး၊ ပူးပေါင်းအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများပါဝင်သော သုံးဖက်မြင် ပူးပေါင်းဆောင်ရွက်ရေးဖွဲ့စည်းပုံကို တည်ဆောက်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနများတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု National Secretariat ရုံး သို့မဟုတ် ညှိနှိုင်းရေးအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတစ်ခုချင်းစီတွင် "ကဏ္ဍစုံလွှမ်းခြုံမှု၊ ဌာနအသီးသီးပါဝင်မှု" ရရှိစေခဲ့သည်။ အဓိကမဏ္ဍိုင်သုံးရပ် (နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှု) နှင့် ဦးစားပေးကဏ္ဍငါးခု (ချိတ်ဆက်မှု၊ ထုတ်လုပ်မှု စွမ်းရည်၊ နယ်စပ်စီးပွားရေး၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး) စသည့် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းလာခဲ့သည်။ လန်ချန်း-မဲခေါင် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (Lancang-Mekong Water Resources Cooperation Center-MLWRCC)၊ သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (Lancang-Mekong Environmental Cooperation Center-MLECC)၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (Lancang-Mekong Agricultural Cooperation Center-MLACC)၊ လူငယ်များနှီးနှောဖလှယ်ရေးဗဟိုဌာန (Lancang-Mekong Youth Exchange Center-MLCYEC)၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center) နှင့် မဲခေါင်ဒေသဆိုင်ရာ လေ့လာရေးစင်တာ (Global Center for Mekong Studies-GCMS) စသည်တို့ တည်ထောင်ပြီး လည်ပတ်လျက်ရှိသည်။ ထို့ကြောင့် "နေ့စဉ် တိုးတက်မှု၊ လစဉ် ရလဒ်များ၊ နှစ်စဉ် အဆင့်မြင့်မှု" ဟူသော လန်ချန်း-မဲခေါင် အရှိန်အဟုန်ကို ဖန်တီးခဲ့သည်။

### ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၀၀.၉ ဘီလီယံအထိ စံချိန်တင်ရောက်ရှိ

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်မြစ်ဝှမ်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုစကြံတည်ဆောက်ရေးတွင် မှတ်တိုင်သစ်များ ချက်များသည် နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများ၏ စိတ်နှလုံးသားချိတ်ဆက်မှုကို ပိုမိုခိုင်မာစေခဲ့သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် "သေးငယ်ပြီးကောင်းမွန်သည့်" စီမံကိန်းပေါင်း ၉၉၁ ခုကို ပံ့ပိုးကူညီခဲ့သည်။ ၎င်းတို့အနက် "လန်ချန်း-မဲခေါင် စမ်းရေချိုလှူပ်ရှားမှု (Operation Sweet Spring)" ဖြင့် စံပြရေပေးဝေရေးစီမံကိန်း ၁၁၀ တည်ဆောက်ခဲ့ရာ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ခန်မှန်းခြေလူဦးရေ ၁၃၀၀၀ ခန့် အကျိုးခံစားခဲ့ရသည်။ "LMC Harvest" စီမံကိန်းသည် ကော်ဖီ၊ ရော်ဘာ၊ သစ်သီးဝလံ၊ ပိုးထည်နှင့် ရေထွက်ကုန်ပစ္စည်းများကဏ္ဍတွင် ဒေသခံတောင်သူ သောင်းနှင့်ချီ၍ ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်စေရန် ကူညီပေးခဲ့သည်။ "လန်ချန်း-မဲခေါင် အလင်းရောင်ခရီးစဉ်" စီမံကိန်းကြောင့် အတွင်းတိမ်ဝေနာရှင်ပေါင်းသောင်းချီကို အမြင်အာရုံ

**"ယနေ့ကမ္ဘာကြီးတွင် ရာစုနှစ်အတွင်း မကြုံစဖူးပြောင်းလဲမှုကြီးများသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေပြီး စစ်ပွဲနှင့် ပဋိပက္ခများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေကာ အင်အားကြီးသူမှ အင်အားငယ်သူကို အနိုင်ကျင့်သော တောရိုင်းဥပဒေ (The Law of the Jungle) နှင့် တစ်ဖက်သတ်ဝါဒတို့က လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။ မငြိမ်မသက်မှုများနှင့် ပဋိပက္ခများရောယှက်နေသော နိုင်ငံတကာအခြေအနေကို ရင်ဆိုင်ရာတွင် လန်ချန်း-မဲခေါင် နိုင်ငံခြောက်နိုင်ငံတို့သည် ငြိမ်းချမ်းရေးအတွက် တောင်းဆိုကြမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ပေးကြမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်၍ အပြန်အလှန် အကျိုးရှိမှု၊ အစိမ်းရောင် ဆန်းသစ်တီထွင်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ဖြင့် "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု တားရှင်း ၂.၀" ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရွှေရောင် (၁၀) နှစ် ရာစုအသစ်ကို အတူတကွ စတင်ဖွင့်လှစ်သွားကြမည်"**

ထူထောင်နိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်-မဲခေါင်နိုင်ငံများ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၀၀.၉ ဘီလီယံ အထိ စံချိန်တင်ရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်ဆယ်နှစ်ကထက် ၁၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် လည်းကောင်း၊ လာအိုနိုင်ငံ၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ အဖြစ်လည်းကောင်း နှစ်ပေါင်းများစွာ ဆက်တိုက်ရပ်တည်ခဲ့သည်။ တရုတ်-မြန်မာ ရေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာလည်း အဆင်ပြေချောမွေ့စွာလည်ပတ်လျက်ရှိပြီး တရုတ်-လာအိုရထားလမ်း၏ ရွှေရောင်လမ်းကြောင်း အကျိုးသက်ရောက်မှုမှာ ဆက်လက်ထင်ရှားလျက်ရှိသည်။ တရုတ်-ကမ္ဘောဒီးယား၊ တရုတ်-ထိုင်း၊ တရုတ်-ဗီယက်နမ်တို့အကြား အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ စိုက်ပျိုးရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏ်ရည်တု (AI) ဆိုင်ရာ ကဏ္ဍများအပါအဝင် စီမံကိန်းများစွာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံအကြား ရန်ပုံငွေ၊ ကုန်စည်နှင့် နည်းပညာများသည် မြင့်မားသောအရည်အသွေးဖြင့် စီးဆင်းလျက်ရှိပြီး ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် ပူးပေါင်းဆောင်ရွက်မှုမှာ နက်ရှိုင်းစွာဖွံ့ဖြိုးလာခဲ့သည်။ ယင်းသည် စီးပွားရေးအသွင်သစ်များ ပေါ်ထွန်းလာစေကာ တိုးတက်မှုတွန်းအားသစ်များကို လှုံ့ဆော်ပေးခဲ့ပြီး လန်ချန်း-မဲခေါင်မြစ်ဝှမ်းအား ခေတ်သစ်ကာလတွင် သက်ဝင်လှုပ်ရှားမှုအသစ်များ ရရှိစေခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဖလှယ်မှုတွင် အပြန်အလှန်နားလည် သဘောပေါက်မှု၊ သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့၏ အခြေအနေအသစ်များ ပေါ်ထွန်းလာခဲ့သည်။ "လန်ချန်း-မဲခေါင်ဗီဇ" သည် ဆက်ဆံရေးကိုပိုမိုအဆင်ပြေချောမွေ့စေပြီး နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများသည် အပြန်အလှန်လေ့လာရေးခရီးစဉ်များ ပိုမိုများပြားလာခဲ့သည်။ အနုပညာပွဲတော်များ၊ ဓာတ်ပုံပြပွဲများနှင့် ရုပ်ရှင်ရက်သတ္တပတ်များကဲ့သို့သော လူမှု-ယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် ပြည်သူများ၏ ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲစေခဲ့သည်။ ဆယ်နှစ်တာကာလအတွင်း ပညာရေးနှင့် လူငယ်ဖလှယ်ရေးသည် ပူးပေါင်းဆောင်ရွက်မှု၏ အဓိကအာရုံစိုက်မှုဖြစ်လာခဲ့ပြီး ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဆင့် ၁၀ ခုနှင့် လူငယ်ဖလှယ်ရေးအဆင့် ၁၀ ခု ထူထောင်ခဲ့သည်။ ကုန်းတွင်းတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို တည်ထောင်ခဲ့ပြီး ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျောရိုးတစ်ခုကို ဖန်တီးခဲ့သည်။ ကုန်းတွင်းတက္ကသိုလ်များ

# အပြည်ပြည်ဆိုင်ရာထေရဝါဒပုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများ ကျင်းပ

နေပြည်တော် မတ် ၁၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ပုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများကို ယနေ့ စတင်ကျင်းပသည်။

စာမေးပွဲများ ကျင်းပရာသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ပုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာဂန္ဓဝါစရကာဝဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နောခိဉ္စာဏာဘမွန်းပြိုသော ဌာနကြီးမှူးဆရာတော်များ၊ ပါမောက္ခဆရာတော်များ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများက ကြွရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အတန်းတင်စာမေးပွဲများသို့ ပြည်တွင်း၊ ပြည်ပ သင်တန်းသား သင်တန်းသူ ၂၉၈ ပါး/ဦး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကာလမှာ မတ် ၁၆ ရက်မှ ၂၆ ရက်အထိ (ရုံးပိတ်ရက်များမပါ) ကိုးရက်ကြာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ

မြဝတီ မတ် ၁၆

ကရင်ပြည်နယ် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီ ဗိမာန်၌ ယနေ့နံနက်ပိုင်းက မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ကရင်ပြည်နယ် သာသနာနုဂ္ဂဟအသင်းနှင့် စေတနာရှင်ဒါယကာ/ဒါယိကာမများစုပေါင်း၍ ၂၀၂၆ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး သုံးပါးတို့အား ချီးမြှောက်ပူဇော်သည့် "ဂုဏာဝိသိဋ္ဌပူဇာ"ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်သာသနာရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ထေရပွတ္တိအကျဉ်းကိုဖတ်ကြားပူဇော်ခဲ့သည်။ ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခဲ့ကြရာ သီရိရတနာသက်လွတ်ကျောင်းမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိခဲ့သည့် ဆရာတော် ဘဒ္ဒန္တအာသီသကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းကလည်းကောင်း၊ ဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်မှ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိခဲ့သည့် ဆရာတော် ဘဒ္ဒန္တဓမ္မပါလကို ကရင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစောမုတ်သုန်က လည်းကောင်း၊ ထေရဝါဒဗောဓိရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မဒဿီကို ကမ္မဋ္ဌာနာစရိယဘွဲ့တော်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်ကလည်းကောင်း ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် လှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပြီး ပင့်သံဃာတော်များအား လှုဖွယ်ဝတ္ထုနှင့် လှုဖွယ်ပစ္စည်းအစုစုတို့ကို အလှူရှင် ဒါယကာ/ဒါယိကာမများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ရှင်ဗွေယန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို

ရှင်ဗွေယန် မတ် ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့အား ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ရှိ စာစစ်ဌာနတွင် ယနေ့နံနက်ပိုင်းက ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိသည်။

ရှင်ဗွေယန်မြို့ စာစစ်ဌာနခွဲ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်များကို အခြေခံပညာအထက်တန်းကျောင်း (ရှင်ဗွေယန်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)-တရုတ်တို့မှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ဖြေဆိုရန်စာရင်းရှိ စုစုပေါင်း ၁၅၂ ဦး ရှိသည့်အနက် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၁၄၇ ဦး ပျက်ကွက်သူငါးဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအေးချမ်းစွာဖြေဆိုနိုင်ရန် ရှင်ဗွေယန်မြို့ရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများအား အလှူရှင်များက အာဟာရမုန့်များနှင့် ဖျော်ရည်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ရှင်ဗွေယန်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဆွေးနွေး

ရပ်စောက် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး (ငြိမ်း) ဆရာဦးသောင်းညွှန့်နှင့် မြို့နယ်ဦးစီးမှူးတို့က လူငယ်ရေးရာဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❐ စာမျက်နှာ ၆ မှ

ဒေသခံရွာသူ ရွာသားများက "တစ်နေ့ကျရင် လျှပ်စစ်မီးနဲ့သန့်ရှင်းတဲ့ရေကို သုံးရလိမ့်မယ်လို့ အိပ်မက်ထဲမှာတောင် မတွေးမိဘူး"ဟု စိတ်လှုပ်ရှားစွာ ပြောကြားခဲ့ကြသည်။ ဤလက်တွေ့ကျသော ရလဒ်များနှင့် စိတ်လှုပ်ရှားဖွယ် အခိုက်အတန့်များသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၏ သက်ဝင်လှုပ်ရှားသော်ပုံရိပ်များ ဖြစ်သကဲ့သို့ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ မဆုတ်မနစ် ကြိုးပမ်းခြင်း၏ အကောင်းဆုံး သက်သေပြချက်လည်းဖြစ်သည်။

ဆယ်နှစ်တာကာလအတွင်း ဝီရိယစိုက်ထုတ်မှု၏ အသီးအပွင့်များ ဖူးပွင့်ခဲ့သည်။ တရုတ်-မြန်မာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ လက်တွေ့ အတွေ့အကြုံများက လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် "တန်းတူညီမျှဆက်ဆံခြင်း၊ စိတ်ရင်းစေတနာဖြူစင်စွာဖြင့် အပြန်အလှန်ကူညီခြင်း၊ မိသားစုဝင်များကဲ့သို့ ရင်းနှီးခြင်း"ဟူသော လန်ချန်း-မဲခေါင်ယဉ်ကျေးမှုကို အမြဲမြဲဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခြင်း၊ တန်းတူညီမျှ ညှိနှိုင်းဆွေးနွေးခြင်း၊ လက်တွေ့ကျပြီးထိရောက်မှုရှိခြင်း၊ တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်ခြင်း"ဟူသော လန်ချန်း-မဲခေါင် စိတ်ဓာတ်ကို အမြဲလက်ကိုင်ထားခြင်း၊ နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများအား အကျိုးပြုရန် မိမိတို့၏တာဝန်အဖြစ် အမြဲသတ်မှတ်ခဲ့ခြင်းနှင့် ဒေသတွင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးလိုလားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလိုမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်လိုမှုဟူသော လိုအင်ဆန္ဒနှင့် အလွန်ကိုက်ညီမှုရှိခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့် ပြည်သူများ၏ ကြုံဆိုလက်ခံမှုနှင့် အသိအမှတ်ပြုမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

**"လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ဗားရှင်း ၂.၀" ကို တည်ဆောက်**

ယနေ့ကမ္ဘာကြီးတွင် ရာစုနှစ်အတွင်း မကြုံစဖူးပြောင်းလဲမှုကြီးများသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေပြီး စစ်ပွဲနှင့် ပဋိပက္ခများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေကာ အင်အားကြီးသူမှ အင်အားငယ်သူကို အနိုင်ကျင့်သော တောရိုင်းဥပဒေ (The Law of the Jungle) နှင့် တစ်ဖက်သတ်ဝါဒတို့က လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။ မငြိမ်မသက်မှုများနှင့် ပဋိပက္ခများရောယှက်နေသော နိုင်ငံတကာအခြေအနေကို ရင်ဆိုင်ရာတွင် လန်ချန်း-မဲခေါင် နိုင်ငံခြောက်နိုင်ငံတို့သည် ငြိမ်းချမ်းရေးအတွက် တောင်းဆိုကြမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ပေးကြမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်၍ အပြန်အလှန်အကျိုးရှိမှု၊ အစိမ်းရောင်ဆန်းသစ်တီထွင်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ဖြင့် "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ဗားရှင်း ၂.၀" ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရွေ့ရောင် (၁၀) နှစ် ရာစုအသစ်ကို အတူတကွ စတင်ဖွင့်လှစ်သွားကြမည်ဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် တရုတ်ပုံစံခေတ်မီမှုလမ်းစဉ်ဖြင့် အင်အားကြီးနိုင်ငံတစ်ခုတည်ဆောက်ရေးနှင့် တရုတ်အမျိုးသားကြီးမြတ်သော ပြန်လည်နိုးထရေးမဟာလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ပန်းတစ်ပွင့်တည်း ပွင့်လန်းခြင်းသည် နွေဦးရာသီမဟုတ်၊ ပန်းမျိုးစုံ ပွင့်လန်းမှသာ နွေဦးရာသီ၏ ဥယျာဉ်တစ်ခုဖြစ်လာနိုင်သည်။ ကျွန်မတို့ လိုလားတောင့်တနေသည်မှာ တရုတ်တစ်နိုင်ငံတည်း ခေတ်မီတိုးတက်ရေးမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့်အတူ ခေတ်မီတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော်ရန် မျှော်လင့်လျက်ရှိသည်။ ကမ္ဘာ့အရေးအပါဆုံးသော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားမျှတရေး အင်အားစုတစ်ခုအနေဖြင့် တရုတ်နိုင်ငံသည် မဲခေါင်ဖြစ်စဉ်နိုင်ငံများ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းတစ်ဦးအဖြစ် အမြဲရပ်တည်သွားမည်ဖြစ်ပြီး တန်းတူညီမျှ စနစ်ကျသော ဗဟုဝင်ရိုးကန့်သွားနှင့် ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုသော ပါဝင်ထိုက်သူအားလုံးပါဝင်သည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို အတူတကွ အဆိုပြုကာ လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးဟူသော ပင်မရည်မှန်းချက်ဆီသို့ လျှောက်လှမ်းရင်း လန်ချန်း-မဲခေါင် ဒေသတစ်ခုလုံး ခေတ်မီတိုးတက်ရေး လမ်းကြောင်းပေါ်၌ ပိုမိုအရည်အသွေးမြင့်မားပြီး အဆင့်အတန်းမြင့်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ။

ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ပဉ္စမနေ့ဆက်လက်ကျင်းပ

## တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၄၉ ဦးရှိပြီး

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၄၄ ဦးရှိ

နေပြည်တော် မတ် ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာနစုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲပဉ္စမနေ့တွင် ရှုပဇ္ဈဒဘာသာရပ်နှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၄၉ ဦး၊ ပျက်ကွက် ၁၄၁၀၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲ၊ စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲနှင့် မွေးမြူရေးအတတ်ပညာဘာသာတွဲများ ဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲပဉ္စမနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာဘာသာရပ်များ၊ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများက သီးနှံကာကွယ်ရေးဘာသာရပ်နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူများက ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေးဘာသာရပ်တို့ကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

### မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ရှုပဇ္ဈဒ+သမိုင်း

နေ့စွဲ - ၁၆.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၅ | ၇၃၈၈ | ၁၁၆၂၃ | ၃၀၈ | ၂၄၉ | ၅၅၇ | ၉၅.၄၇% | ၄.၅၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၈၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၈၀ | ၁၈၄ | ၉၅.၂၁% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၈ | ၅၂၁ | ၈၃၉ | ၃၁ | ၄၅ | ၇၆ | ၉၁.၆၉% | ၈.၃၁% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၀ | ၇၇၀၂ | ၁၂၅၀၂ | ၄၁၀ | ၃၇၁ | ၇၈၁ | ၉၄.၁၂% | ၅.၈၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၇ | ၈၉၇၆ | ၁၄၆၀၇ | ၄၆၄ | ၃၄၄ | ၈၁၀ | ၉၃.၇၅% | ၅.၃၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၆ | ၆၉၉၅ | ၁၁၈၅၁ | ၄၆၂ | ၂၉၀ | ၃၈၂ | ၉၃.၇၅% | ၆.၂၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၀ | ၁၂၈၆၂ | ၂၁၂၀၂ | ၅၄၃ | ၃၄၀ | ၈၈၃ | ၉၆.၀၀% | ၄.၀၀% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၅၂ | ၂၆၁၇၀ | ၄၅၄၂၂ | ၁၂၈၅ | ၈၄၂ | ၂၁၂၇ | ၉၅.၅၃% | ၄.၄၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၄ | ၁၀၅၃၃ | ၁၈၁ | ၂၂၀ | ၄၀၁ | ၉၆.၃၃% | ၃.၆၇% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၈ | ၉၀၀ | ၁၆၈၈ | ၆၈ | ၄၃ | ၁၁၁ | ၉၃.၈၃% | ၆.၁၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၀ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၀၇ | ၂၆၀၀၃ | ၄၆၇၁၀ | ၁၅၂၄ | ၁၀၂၂ | ၂၅၄၆ | ၉၄.၈၃% | ၅.၁၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၅ | ၈၄၈၆ | ၁၃၃၇၁ | ၂၇၀ | ၂၆၁ | ၅၃၁ | ၉၆.၁၈% | ၃.၈၂% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၂ | ၁၂၁၅ | ၁၉၆၇ | ၆၆ | ၄၆ | ၁၁၂ | ၉၄.၆၁% | ၅.၃၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၁၀ | ၃၉၃၂၇ | ၁၅၉၀၄ | ၂၀၉၀၄ | ၃၆၄၂၂ | ၁၈၅၉ | ၁၀၄၆ | ၂၉၀၅ | ၉၂.၆၁% | ၇.၃၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၁ | ၇၈၈၄ | ၁၄၀၈၅ | ၅၁၄ | ၃၁၅ | ၈၂၉ | ၉၄.၄၄% | ၅.၅၆% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၈၈၀ | ၁၅၀၇၆၉ | ၂၅၄၄၉ | ၈၃၁၁ | ၅၇၉၃ | ၁၄၁၀၄ | ၉၄.၇၅% | ၅.၂၅% | |

### မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)+

စိုက်ပျိုးရေးအတတ်ပညာ(သီးနှံကာကွယ်ရေး)+မွေးမြူရေးအတတ်ပညာ(ရေသတ္တဝါမွေးမြူရေးနှင့်ပျားမွေးမြူရေး)

နေ့စွဲ - ၁၆.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၄၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပထမနေ့ တက္ကသိုလ်စာမေးပွဲ စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိုင်ငံတကာ တက္ကသိုလ်များ၏ ဥပဓိရုပ်၊ ဖွဲ့စည်းပုံ၊ သင်နည်းစနစ်၊ စီမံခန့်ခွဲမှုစနစ်တို့ကို လေ့လာသုံးသပ်၍ ကမ္ဘာ့အဆင့်မီပညာရပ်များကို အရည်အချင်းပြည့်ဝသော ဆရာများက သင်ကြားပေးနိုင်ရေး မျှော်မှန်းချက် ချမှတ်ကြိုးပမ်းကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ) စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရှုပဒေဒနှင့် သမိုင်းဘာသာရပ်ကို စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည် ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်း စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အထက(ကျွဲကူး)၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှု ပဉ္စမနေ့တွင် သက်ဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ရှုပဒေဒ ဘာသာရပ်၊ သမိုင်းဘာသာရပ်၊ စက်မှုအတတ်ပညာ (မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံကာကွယ်ရေး)နှင့် မွေးမြူရေးအတတ်ပညာ (ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး) ဘာသာရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတိများ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာတွင် ရှုပဒေဒ ဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာန အပါအဝင် စာစစ်ဌာန စုစုပေါင်း ၈၈၇ ခုတွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၄၉ ဦး (၉၄ ဒသမ ၇၅ ရာခိုင်နှုန်း)ဖြင့် လည်းကောင်း၊ စက်မှုအတတ်ပညာ (မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံကာကွယ်ရေး)နှင့် မွေးမြူရေးအတတ်ပညာ (ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး) ဘာသာရပ်တို့ကိုစာစစ်ဌာန ၅၅ခုတွင်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄၄ ဦး (၉၉ ဒသမ ၃၅ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း အသီးသီး ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲ ဖြေဆိုနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက် (အင်္ဂါနေ့)တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၁၈ ရက်အထိ ဆက်လက် ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဖြေဆိုမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

၁။ ဒဂုံမြို့နယ်မှာရှိတဲ့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ကောင်းစုံ(ကိုယ်ပိုင် အထက်တန်းကျောင်း)နှင့် ပြင်ပဖြေများ ဝင်ရောက်ဖြေဆိုပြီးတော့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းက အကြားအာရုံမသန်စွမ်းသူ လေးဦး ဝင်ရောက်ဖြေဆိုတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနရဲ့ စာအုပ်ပါညွှန်ကြားချက်အရ တစ်ခန်းလျှင် စာဖြေသူဦးရေ ၃၀ နဲ့ စာဖြေခန်း ၁၆ ခန်း၊ အကြားအာရုံမသန်စွမ်းသူ လေးဦးအတွက်တော့ စာဖြေခန်း သီးသန့်တစ်ခန်း ထားပြီးတော့ စုစုပေါင်းစာဖြေခန်း ၁၆ ခန်းနဲ့

ဖြေဆိုတာဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာနနဲ့ လုံခြုံရေးအတွက် ဒဂုံမြို့နယ် စခန်းမှူးရဲ့ဦးဆောင်မှုနဲ့ ကျွန်မတို့ရဲ့ လုံခြုံရေး၊ ကျန်းမာရေးတွေကိုလည်း ကလေးတွေ အဆင်ပြေ ချောမွေ့အောင် အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်အောင် စီမံထားပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် သားတို့သမီးတို့ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီးတော့ မိမိဖြေဆိုရမယ့် ဘာသာရပ် အားလုံးကို အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

၂။ ဒီနေ့ ဖြေတာဆိုလို့ရှိရင် ငါးရက်ရှိသွားပါပြီ။ ဒီနေ့ ရှုပဒေဒ ဘာသာရပ်ကို ဖြေခဲ့တာပါ။ ကျွန်မ စာတွေကို ကောင်းကောင်း မွန်မွန်ကျက်ခဲ့ရတယ်။ တွက်ခဲ့ရတယ်။ ညမအိပ် နေ့မအိပ်ဘဲ စာတွေလုပ်ခဲ့ရတယ်။ ဒီနေ့ဖြေခဲ့တဲ့ ဘာသာရပ်ကို အားရကျေနပ်မှု ရှိပါတယ်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆို

ဘားအံ မတ် ၁၆

ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစ၍ သက်ဆိုင်ရာစာစစ်ဌာန အသီးသီးတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမမြောက်နေ့တွင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောဖြင့်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမမြောက်နေ့ ရူပဗေဒ ဘာသာရပ်နှင့် သမိုင်းဘာသာရပ်ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၃၅၇၁ ဦးအနက် ဖြေဆိုသူ ၃၄၀၁ ဦး၊ သမိုင်းဘာသာရပ်ကို ဝင်ရောက်ဖြေဆိုရန်စာရင်းပေးသွင်းထားသူ ၂၆၉ ဦးအနက် ၂၅၅ ဦး၊ နည်းပညာအထက်တန်းကျောင်း၌ မြေတိုင်း/လျှပ်စစ်/ဂဟေဆက်ဘာသာရပ်ကိုဖြေဆိုသူ ၅၆ ဦး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် သီးနှံကာကွယ်ရေး၊ ရေသတ္တဝါများ/ပုားမွေးမြူရေးဘာသာရပ်ကို ဖြေဆိုသူ ၅၆ ဦး စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ်ရှိ ဝိဇ္ဇာဘာသာရပ်ရှစ်ခု၊ သိပ္ပံဘာသာရပ်ခြောက်ခု စုစုပေါင်း သင်ကြားရေးဌာန ၁၄ ခုနှင့် အသုံးချဘာသာရပ် နှစ်ခုအပါအဝင် ဘာသာပေါင်း ၁၆ ခု၏ နှစ်အလိုက် စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးရာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေး၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဘားအံတက္ကသိုလ် စာမေးပွဲကျင်းပနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများသည်ဘားအံတက္ကသိုလ် ပရိဝုဏ်အတွင်း ပေ (၁၁၀ x ၉၀) RCC နှစ်ထပ် Recreation Center (အပန်းဖြေရိပ်သာ) တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ မြေယာရှင်သင်္ချိုင်းများ စနစ်တကျဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

လွိုင်ကော် မတ် ၁၆

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော် ပညာရေး ဒီဂရီကောလိပ်နှင့် လွိုင်ကော် တက္ကသိုလ်တို့၌ ကျောင်းသား ကျောင်းသူများ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော် ပညာရေးဒီဂရီကောလိပ် စာစစ်ဌာနနှင့် လွိုင်ကော်တက္ကသိုလ် စာစစ်ဌာနတို့၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ အခက်အခဲမရှိ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ပေါင်း ၄၆၆ ဦးရှိပြီး စာမေးပွဲများကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ လွိုင်ကော်တက္ကသိုလ်တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၁၂၄ ဦးရှိပြီး စာမေးပွဲများကို ၂၄-၃-၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဖြည့်စွက်ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဖြေဆို

ရန်ကုန် မတ် ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆက်လက်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၁၁၁ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်နှင့် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၁၁ ခု ဖွင့်လှစ်ထားရှိပြီး ယနေ့တွင် ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်ကို ကျောင်းသား ၂၀၇၀၇ ဦး၊ ကျောင်းသူ ၂၆၀၀၃ ဦးဖြင့် စုစုပေါင်း ၄၆၇၁၀ ဖြေဆိုခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းဖြေဆိုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် စက်မှုအတတ်ပညာအနေဖြင့် မြေတိုင်း၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာဘာသာရပ်၊ စိုက်ပျိုးရေးအတတ်ပညာအနေဖြင့် သီးနှံကာကွယ်ရေးဘာသာရပ်၊ မွေးမြူရေးအတတ်ပညာအနေဖြင့် ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေးဘာသာရပ်များကို ကျောင်းသား ၂၄၄ ဦး၊ ကျောင်းသူ ၁၅၈ ဦး စုစုပေါင်း ၄၀၂ ဦး ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုရန် ဝင်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ တစ်ပါတည်းပါရှိရန်နှင့် စာဖြေရန် အထောက်အကူပြုပစ္စည်းများ ယူဆောင်ရန် တာဝန်ကျ ဆရာ ဆရာမများက ဖြေဆိုရန်အခန်းဝင်ရောက်ချိန်တို့တွင် သတိပေးကြပြီး စာမေးပွဲဖြေဆိုခွင့် ကတ်မေ့ကျန်ခဲ့သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သူများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများက စာစစ်ဌာနအလိုက် ဆောင်ရွက်ပေးကြသည်။

**ဆက်လက်ဖြေဆို**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခုမှ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခုရှိပြီး စာစစ်ဌာန ၁၀၇ ခု တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့နှင့် စာစစ်ဌာနလေးခု စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ဆက်လက်ဖြေဆိုကြပြီး အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနရှိ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ သုံးဦးတို့ဖြင့် စုစုပေါင်း ၃၆ ဦး၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ (ရှေ့)၊ သဃ်နံးကျွန်း၊ ဒဂုံ(မြောက်)၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ ဗဟန်း၊ သန်လျင်နှင့် ပုစွန်တောင် မြို့နယ်တို့ရှိ ဆေးရုံတို့၌ ကျောင်းသားလေးဦး၊ ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၁၄ ဦး ဆက်လက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ဓာတ်ပုံ - ကနူး**

**ညိမ်းသူ(သတင်းစဉ်)**

# စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှု သတိပြု...

ရွှေသင် (MPP)

**အရှေ့အလယ်ပိုင်းဒေသတင်းမာန မြန်မာ့စီးပွားရေးသုတေသီများ၊ ပညာရှင်များကလည်း ထိုကဲ့သို့ စက်သုံးဆီများကို အထိတ်တလန့်ဝယ်ယူနေခြင်း၊ လိုအပ်သည်ထက်ပို၍ ဝယ်ယူ၊ စုဆောင်း၊ သိုလှောင်နေခြင်းတို့ကို မပြုလုပ်သင့်ကြောင်း တိုက်တွန်းဆော်သြ၊ အကြံပြုနေကြသည်။ ယခုကဲ့သို့ အထိတ်တလန့်ဝယ်ယူသည့်အခြေအနေများကို မကြာခဏကြုံတွေ့ဖူးကြပြီးဖြစ်သည်။ သတင်းအချက်အလက် အပြည့်အဝမသိ၊ ဇာစ်မြစ်မရှိသည့် သတင်းကြားလိုက်ရသည်နှင့် စိုးရိမ်စိတ်ဖြစ်ပေါ်ကာ လိုအပ်သည်ထက် ပိုမို ဝယ်ယူခြင်း၊ အဆက်မပြတ် ဝယ်ယူခြင်းတို့ဖြင့် အထိတ်တလန့်ဝယ်ယူမှုကို ပြုလုပ်ကြခြင်းဖြစ်သည်။**

**အကျိုးဆက်သက်ရောက်မှု**

အထိတ်တလန့်ဝယ်ယူခြင်းသည် ဝယ်ယူသူတစ်ဦးတစ်ယောက်ချင်းစီကို စိတ်သောကဖြစ်စေရုံသာမက ဈေးကွက်တစ်ခုလုံး မတည်ငြိမ်မှုဖြစ်စေပြီး အခြားဆက်နွယ်သည့်ကဏ္ဍများတွင်ပါ ဆိုးကျိုးများ ကြုံတွေ့လာနိုင်သဖြင့် တာဝန်ရှိသူများနှင့် ပညာရှင်များက ထိုသို့မပြုလုပ်ရန် တိုက်တွန်း အကြံပေးနေကြခြင်းဖြစ်သည်။

- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် (ဝယ်ယူသူတို့ ကိုယ်တိုင်ပြုလုပ်မှုကြောင့်) ဈေးကွက်အတွင်း အမှန်တကယ် မဟုတ်သော၊ အတုအယောင်ရှားပါးမှုဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် လူပင်ပန်းရုံသာမက အချိန်နှင့်ငွေကို ဖြုန်းတီးသကဲ့သို့ ဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် စက်သုံးဆီအပါအဝင် အခြားကုန်စည်များ၏ ဈေးနှုန်းများ သိသိသာသာမြင့်တက်လာစေတတ်ပြီး ငွေကြေးဖောင်းပွမှုကို မြင့်တက်ကာ အိမ်ထောင်စုများ၏ ကုန်ကျစရိတ်များကို ထပ်မံမြင့်တက်လာစေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုအပေါ် လက်လီရောင်းချသူများက အခွင့်ကောင်းယူကာ ပိုမိုအမြတ်တင် ရောင်းချတတ်သဖြင့် ဈေးကွက်မတည်ငြိမ်မှုကိုဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုများကြောင့် ဖြစ်ပေါ်လာသည့် မော်တော်ယာဉ်အမျိုးမျိုးတို့၏ ရှည်လျားသောတန်းစီစောင့်ဆိုင်းမှုများသည် လမ်းမကြီး၊ လမ်းမ

ငယ်များကို ပိတ်ဆို့မှုဖြစ်စေကာ သွားလာမှုနှောင့်နှေးကြန့်ကြာခြင်း၊ အရေးပေါ်ကိစ္စများတွင် သွားလာမှုခက်ခဲခြင်းတို့ဖြစ်စေသည်။ ထိုအခြေအနေမြင့်ကွင်းများသည် ကောလာဟလသတင်းများကို အများအပြားပေါ်ထွက်လာစေပြီး အများပြည်သူတို့ကြား စိုးရိမ်စိတ်များကို ပိုမိုကြီးထွားလာစေသည်။

**အထိတ်တလန့်ဝယ်ယူမှု လျော့ကျစေရေး**

စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုမဖြစ်စေရန် /အထိတ်တလန့်ဝယ်ယူလိုစိတ် လျော့ကျစေရန် သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များက နည်းလမ်းအမျိုးမျိုး ကျင့်သုံးနေကြသကဲ့သို့ ဝယ်သူသုံးစွဲသူများကိုယ်တိုင်ကလည်း အောက်ပါတို့ကို သိရှိ၊ လိုက်နာ လုပ်ဆောင်သင့်ပေသည် -

- အထိတ်တလန့်ဝယ်ယူမှုကြောင့် ဖြစ်ပေါ်လာသော အခြေအနေသည် ဈေးကွက်အတွင်း ပုံမှန်ပမာဏထက် ပိုမိုဝယ်ယူမှုရှိလာတတ်သောကြောင့် (အချိန်ကာလတစ်ခုအထိ လုံလောက်မှုရှိသည့်အနေအထား ရှိနေသည့်တိုင်) အချိန်တိုအတွင်း မဖြစ်သင့်သော စက်သုံးဆီရှားပါးမှုဖြစ်လာစေတတ်သည်။ ထိုအခြေအနေသည် စိတ်ပညာဘာသာရပ်တွင်ရှိသည့် ကောင်းခြင်း/ဆိုးခြင်း အခြေအနေများဖြစ်စေရန် မိမိတို့ကိုယ်တိုင် ကြိုတင်ဟောကိန်းထုတ်ခြင်း အယူအဆကဲ့သို့ ဖြစ်လာနိုင်စရာရှိသည်။

ဆိုလိုသည်မှာ အခြေအနေတစ်ရပ်အပေါ် အကောင်းရလဒ် သို့မဟုတ် အဆိုးရလဒ်တစ်ခုခုဖြစ်လာလိမ့်မည်ဟု ထင်မှတ်၊ ယုံကြည်လျက် /မျှော်လင့်လျက် တစိုက်မတ်မတ် ပြုမူလုပ်ဆောင်ရာမှ ထင်မှတ်ယုံကြည်ထားသည့်အတိုင်း အမှန်တကယ် ကြုံတွေ့လာရခြင်းဖြစ်သည်။ ယခုကြုံတွေ့နေရသည့် စိုးရိမ်စိတ်များဖြင့် စက်သုံးဆီများ အထိတ်တလန့်ဝယ်ယူမှုများကိုလည်း အဆက်မပြတ်ပြုလုပ်မိပါက (မြေပြင်၌ စက်သုံးဆီလက်ကျန်ပမာဏအရ မမှန်တကယ် ပြတ်လပ်မှုမရှိသေးသည့်တိုင်) ရှားပါးသည့်အခြေအနေမျိုးကို ကြုံလာနိုင်ခြင်း ဖြစ်သည်။ စက်သုံးဆီ ဝယ်ယူသုံးစွဲနေသူများ၏ ကိုယ်တိုင်ပြုလုပ်မှုများကြောင့် ကြုံတွေ့လာနိုင်ခြင်းဟုဆိုသည်။

- အထိတ်တလန့်ဖြစ်လျက် စက်သုံးဆီများကို ပမာဏများစွာဝယ်ယူ၍ သီးခြားထည့်စရာများတွင် သိုလှောင်သိမ်းဆည်းထားခြင်းသည် ဥပဒေနှင့်မကိုက်ညီသဖြင့် အရေးယူခံရနိုင်သကဲ့သို့ ဘေးအန္တရာယ်ကြီးမားသောမီးလောင်မှုများ ပိုမိုဖြစ်နိုင်ခြေရှိသည်ကိုလည်း သတိပြုရမည်။
- အထိတ်တလန့်ဖြစ်လျက် လူတစ်ဦးချင်း/မော်တော်ယာဉ်တစ်စီးချင်းစီက စက်သုံးဆီများကို အကြိမ်ကြိမ်၊ အခါခါ ဝယ်ယူသိုလှောင်နေပါက ဒေသတစ်ခုအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လူနာတင်ယာဉ်များ စသဖြင့် အရေးကြီးသော၊ မရှိမဖြစ် ဝန်ဆောင်မှုကဏ္ဍများတွင် စက်သုံးဆီရရှိမှု ခက်ခဲလာနိုင်ခြင်းကြောင့် လုပ်ငန်းမလည်ပတ်နိုင်တော့ဘဲ ဆက်စပ်မှုရှိသော အခြားကဏ္ဍများတွင် အခက်အခဲများဖြစ်ပေါ်ကာ ဒေသတွင်းမတည်ငြိမ်မှုကို ဖြစ်လာစေနိုင်သည်။
- ကောလာဟလများ၊ အွန်လိုင်းမီဒီယာများမှ ဇာစ်မြစ်မသေချာသည့် သတင်းများကို မယုံကြည်ဘဲ သက်ဆိုင်ရာဌာနများက ထုတ်ပြန်သည့်ကြေညာချက်များ၊ သတင်းများကိုသာ စောင့်ကြည့်သင့်ပါသည်။ သက်ဆိုင်ရာဌာနများ၏ တရားဝင်ကြေညာချက်များသည်သာ စက်သုံးဆီဈေးကွက် အခြေအနေမှန်ဖြစ်သည်ကို သတိပြုသင့်သည်။
- သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိဌာနများက စိုးရိမ်စရာမလိုကြောင်း၊ မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်နေကြောင်း ကြေညာစေကာမူ ဝယ်ယူသုံးစွဲနေသူများက အခြေအနေမှန်ကို သဘောပေါက်နားလည်မှုမရှိ၊ လိုက်နာလုပ်ဆောင်မှုမရှိပါက အလုပ်မဖြစ်နိုင်ပေ။ ၎င်းတို့ကိုယ်တိုင်က ကောလာဟလများကိုမယုံကြည်ဘဲ စိုးရိမ်စိတ်လျော့ချလျက် ပုံမှန်ပြုမူဝယ်ယူမှုသာ စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် လက်ကျန်၊ ဝယ်ယူမှု၊ ရောင်းချမှုများကို အခြေအနေမပျက်၊ တည်ငြိမ်စွာထိန်းသိမ်းနိုင်လိမ့်မည်။ စက်သုံးဆီဈေးကွက် အလှုပ်အခတ်နည်းလျက် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိစေရေးအတွက် အထောက်အကူဖြစ်ပေမည်။

**အခက်အခဲများသက်သာစေရေး**

ယခုအခါ ဒေသဆိုင်ရာအာဏာပိုင်များက QR Code စနစ်ကျင့်သုံး၍ လူတစ်ဦးချင်း/မော်တော်ယာဉ်တစ်စီးချင်း၏ စက်သုံးဆီဝယ်ယူနိုင်မှုကို ထိန်းချုပ်နိုင်သည့် Individual Quota Management ပြုလုပ်လျက်ရှိရာ ဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယူဆပါသည်။

စက်သုံးဆီဈေးကွက် အလှုပ်အခတ်များပါက အခြားသောဈေးကွက်များကိုပါ တစ်နွယ်ငင် တစ်စင်ပါ မတည်ငြိမ်မှုများ ကူးစက်ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးအဆောက်အအုံတစ်ခုလုံး အကျပ်အတည်းတစ်ခုဆီသို့ ဦးတည်သွားနိုင်ပေသည်။ ထို့ကြောင့် ဈေးကွက်အင်အားစုများဖြစ်သည့် ရောင်းလိုအားဘက်မှ တင်သွင်းသည့်ကုမ္ပဏီများ၊ အရောင်းကိုယ်စားလှယ်များ၊ အရောင်းဆိုင်များသည်လည်းကောင်း၊ ဝယ်လိုအားဘက်မှ ဝယ်ယူသုံးစွဲသူများသည်လည်းကောင်း တရားဝင်သတင်းများ၊ ထုတ်ပြန်ကြေညာချက်ကို လက်ခံယုံကြည်လျက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ ဒေသန္တရအာဏာပိုင်အဖွဲ့အစည်းများ၏ အစီအမံများအောက်တွင် အလေးထား လိုက်ပါဆောင်ရွက်စေခြင်းဖြင့် အထိတ်တလန့် ဝယ်ယူမှုမှတစ်ဆင့် နောက်ဆက်တွဲဖြစ်လာနိုင်သည့် အခက်အခဲများ၊ ဆိုးကျိုးများကို ရှောင်လွှဲနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**❋ စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် စက်သုံးဆီအပါအဝင် အခြားကုန်စည်များ၏ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာစေတတ်ပြီး ငွေကြေးဖောင်းပွမှုကိုမြင့်တက်ကာ အိမ်ထောင်စုများ၏ ကုန်ကျစရိတ်များကို ထပ်မံမြင့်တက်လာစေ**

**❋ ကောလာဟလများ၊ အွန်လိုင်းမီဒီယာများမှ ဇာစ်မြစ်မသေချာသည့် သတင်းများကိုမယုံကြည်ဘဲ သက်ဆိုင်ရာဌာနများက ထုတ်ပြန်သည့်ကြေညာချက်များ၊ သတင်းများကိုသာ စောင့်ကြည့်သင့်ပါသည်။ သက်ဆိုင်ရာဌာနများ၏ တရားဝင်ကြေညာချက်များသည်သာ စက်သုံးဆီဈေးကွက် အခြေအနေမှန်ဖြစ်သည်ကို သတိပြုသင့်**

# သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ထောက်ပံ့ပေးအပ်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များမှ လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့က လေဘေးသင့်နေအိမ်လေးလုံးပြိုကျမှုကို နေအိမ်တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အမိုးလန်နေအိမ် ၁၃ လုံးအား နေအိမ်တစ်လုံးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်း၊ လေဘေးသင့် အိမ်ထောင်စု ၁၇ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီနှစ်ပိသာခွဲကိုလည်းကောင်း၊ သုံးခွမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြွက်ဥအလုံး ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက လေဘေးသင့်နေအိမ်လေးလုံးပြိုကျမှုကို နေအိမ်တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါတစ်ပုံး၊ အမိုးလန်နေအိမ် ၁၃ လုံးအား နေအိမ်တစ်လုံးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် လေဘေးသင့်ပြည်သူ ၆၂ ဦးအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့ပြီး လေဘေးသင့်ပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ၏ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ပဉ္စမနေ့) ရူပဗေဒနှင့် သမိုင်းဘာသာရပ်များ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း သုံးခွမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ခရမ်းမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ သန်လျင်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ပဉ္စမနေ့) ရူပဗေဒနှင့် သမိုင်းဘာသာရပ်များ ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၏ မိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပများတွင် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

# မိုင်းနောင်မြို့၌ ရေထွက်တောထိန်းသိမ်းခြင်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းနောင် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ ရှမ်းပြည်နယ် သဘာဝတောရေထွက်၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေအရ အများပြည်သူများ အသုံးပြုလျက်ရှိသည့် လုံယန်းကျေးရွာ ရေထွက်တွင် ရေထိန်းတောထိန်းသိမ်းခြင်းလုပ်ငန်းများကို မတ် ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်မှုတွင် မိုင်းနောင်မြို့ အုပ်ချုပ်ရေးမှူး ဦးစည်သူထွန်း၊ သစ်တောဦးစီးဌာနမှပြည်နယ်တာဝန်ခံ ဦးအောင်ကျော်စိုးနှင့်အတူ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လုံယန်းအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက သဘာဝရေထွက်တောထိန်းသိမ်းရေးဧရိယာ၊ အမာခံနယ်မြေ၊ ကြားခံနယ်မြေဧရိယာ သတ်မှတ်ခြင်း၊ တည်နေရာပြမြေပုံ၊ Google Map မြေပုံ၊ ဥပဒေပါ တားမြစ်ချက်ဆိုင်းဘုတ်စိုက်ထူခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ရေးကွန်ရက်ဘုံ အခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်း BOT စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူစာချုပ်ချုပ်ဆို

တောင်ကြီး မတ် ၁၆

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနနှင့် ADS Myanmar Co.,Ltd. တို့အကြား ချုပ်ဆိုသော ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ရေး ကွန်ရက်ဘုံအခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်း (Shan Fiber Common Infrastucture –SFCI) အား တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း(BOT) စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူစာချုပ်ချုပ်ဆို ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် ဆောင်ရွက်ကြရာတွင် မြို့၏ ဥပဓိရုပ်ကောင်းမွန်စေရန်၊ မြို့သန့်ရှင်းသာယာလှပစေရန်အတွက် လက်ရှိရှုပ်ထွေးလျက်ရှိသော ဆက်သွယ်ရေးတိုင်နှင့် ကြိုးများကို စနစ်တကျ ရှင်းလင်းနိုင်စေရန်နှင့် Right Of Way သုံးစွဲခွင့်ပေးခြင်းများအပေါ် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ပြီး ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ရေးကွန်ရက်ဘုံ အခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်းအား ADS Myanmar Co.,Ltd. နှင့် စာချုပ် ချုပ်ဆိုဆောင်ရွက်နိုင်ရေး အတွက် မူဝါဒလမ်းညွှန်မှုခံယူခဲ့ပြီး ခွင့်ပြုချက်အရ ယနေ့တွင် စာချုပ် ချုပ်ဆိုရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ရှမ်းပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့ကို ထိရောက်လျင်မြန်စေရန်၊ 5G စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်သင့် ဖြစ်စေရန်၊ ဖိုက်ဘာကေဘယ်လ်လမ်းကြောင်းတစ်လျှောက် တိုင်များ၊ ကြိုးများသွယ်တန်းတပ်ဆင်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် မြို့ပြအင်္ဂါရုပ်နှင့် ညီညွတ်သော သန့်ရှင်းသပ်ရပ်သည့် Smart City ဖြစ်ပေါ်လာစေရန် အထောက်အကူ ဖြစ်စေသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်စိုးက နှုတ်ဆက်စကားပြောကြားပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ရေးကွန်ရက်ဘုံအခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်း (Shan Common Lnfrastructure–SFCI) လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနနှင့် ADS Myanmar Co.,Ltd. တို့မှ တာဝန်ရှိသူများက နှစ်ဦးနှစ်ဖက် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီး စာချုပ်များလဲလှယ်၍ ADS Myanmar Co.,Ltd. မှ ဦးသက်ပိုင်ဖြိုးက ရှမ်းပြည်နယ်ဆက်သွယ်ရေးကွန်ရက်ဘုံအခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နမူနာပြပုံစံငယ်များနှင့် ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် ပြည်နယ်ဝန်ကြီးများအတွက်ရုံးခန်းများ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဝမ်းတွင်းဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်သွားမည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ဝမ်းတွင်း မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးခြင်းကို မတ် ၁၂ ရက်က မြို့မစည်ပင်သာယာဈေးကြီးတွင် ဆောင်ရွက်သည်။

**ဆွေးနွေး**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက ဈေးကြီးအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး လိုအပ်သည်များ ထပ်မံဖြည့်စွက်ထားနိုင်ရေး အကြံပြုဆွေးနွေးသည်။ ထို့နောက် ဈေးကော်မတီများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ဈေးသီးသန့်မီးသတ်တပ်ဖွဲ့အသစ်ဖွဲ့စည်း၍ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းကာ နေ့စဉ်ဈေးပိတ်ချိန်၌ စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဖွင့်လှစ်နိုင်ရေး ရှင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုအောင်

# သီရိလင်္ကာနိုင်ငံ၌ လောင်စာဆီချွေတာရေးအတွက် နေအိမ်မှ လုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြား

ကိုလံဘို မတ် ၁၆

သီရိလင်္ကာနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်သားများအား လောင်စာဆီချွေတာရေး ဆောင်ရွက်ချက်အပြင် အရေးကြီးသည့်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် နေအိမ်မှလုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား သမ္မတ အနုရာ ကုမာရာ ဒီဆာနာယာကေးက ညွှန်ကြားခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းမရှိမဖြစ် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းကဏ္ဍများ၏ လောင်စာဆီလိုအပ်ချက်နှင့် လုပ်ငန်းလည်ပတ်ရေး ပြန်လည်သုံးသပ်သည့်အစည်းအဝေးတွင် သမ္မတက အထက်ပါအတိုင်း ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းကဏ္ဍများတွင် ဖြစ်လာနိုင်သည့် အခက်အခဲများအတွက် ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လုပ်ငန်းကဏ္ဍများအချင်းချင်း လက်တွဲပြီး အစွမ်းထက်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ညွှန်ကြားခဲ့သည်။ လောင်စာဆီဖြန့်ဖြူးရေးဆိုင်ရာ ကျူအာရ် ကုဒဲစနစ်များကို မြှင့်တင်ဆောင်ရွက်ရန် ၎င်းက ညွှန်ကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ ဘာသာပြန် -စိုးသူရ

# တရုတ်နိုင်ငံ၌ မြေအောက်ရေလေ့လာရေးစနစ် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းရှိ မြေအောက်ရေထုတ်ယူသုံးစွဲမှုစီမံခန့်ခွဲရေးအတွက် မြေအောက်ရေ စောင့်ကြည့်လေ့လာရေးစခန်းများနှင့် မြေအောက်ရေလေ့လာရေးစနစ်များကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနက မတ် ၁၆ ရက်တွင် ပြောကြားသည်။

စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ရယူသုံးစွဲနိုင်သည့် မြေအောက်ရေသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အရေးကြီးသည့် အရင်းအမြစ်ဖြစ်ပြီး ခိုင်မာသည့် ဂေဟစနစ်ထူထောင်ရေးအတွက် မဟာဗျူဟာကျသည့်အရင်းအမြစ်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ၂၀၁၅ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလတွင် အမျိုးသားအဆင့် မြေအောက်ရေစောင့်ကြည့် ရေစခန်း နှစ်သောင်းကျော်တည်ထောင်ခဲ့ပြီး မြေအောက်ရေအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ မြေအောက်ရေထုတ်ယူသုံးစွဲခြင်းကို စနစ်တကျ အရေးယူဆောင်ရွက်ခဲ့သဖြင့် နိုင်ငံမြောက်ပိုင်းရှိ ဒေသများတွင် မြေအောက်ရေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# လာအိုအစိုးရက လောင်စာဆီချွေတာရေးနည်းလမ်းများ မြှင့်တင်ဆောင်ရွက်

ဗီယင်ကျန်း မတ် ၁၆

လာအိုအစိုးရသည် လောင်စာဆီချွေတာသည့် အနေဖြင့် ဝန်ထမ်းများအား နေအိမ်မှ လုပ်ငန်းဆောင်ရွက်ခြင်း၊ မျက်နှာစုံညီအစည်းအဝေးများ ကျင်းပခြင်းကို လျှော့ချခြင်း၊ လုပ်ငန်းများကို အဆိုင်းများဖြင့် တာဝန်ထမ်းဆောင်စေခြင်းနှင့် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးနည်းလမ်းများနှင့် လျှပ်စစ်ယာဉ်များသုံးစွဲခြင်းဆိုင်ရာ နည်းလမ်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လောင်စာဆီသုံးစွဲခြင်းကို လျှော့ချရန်၊ နိုင်ငံအတွင်း စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် လောင်စာဆီထောက်ပံ့ရေးကွင်းဆက်များအပေါ်တွင် အရှေ့အလယ်ပိုင်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကို လျှော့ချရေးအတွက် နည်းလမ်းများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ မတ် ၁၃ရက်တွင် ထုတ်ပြန်သည့် အမိန့်အရ သိရသည်။ ၎င်းအမိန့်အရ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းများကို အလုပ်အဆိုင်းဖြင့် အလှည့်ကျတာဝန် ထမ်းဆောင်စေရန်၊ အွန်လိုင်းမှ အစည်းအဝေးများကျင်းပရန်၊ ကုန်ကျစရိတ် ချွေတာသည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လောင်စာဆီသုံးစွဲမှုလျှော့ချရေးအတွက် မလိုအပ်ဘဲ ခရီးသွားလာခြင်းများကို လျှော့ချရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့ကြောင်း ဒေသခံမီဒီယာ Lao Phattana News က မတ် ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်တွင်းသို့ လောင်စာဆီတင်သွင်းသူများနှင့် ဖြန့်ဖြူးရေး စခန်းများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ နှင့်စပ်လျဉ်း၍ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံသားများအား လောင်စာဆီချွေတာရေးနှင့်လျှပ်စစ်ယာဉ်သုံးစွဲမှုမြှင့်တင်ရေး၊ လျှပ်စစ်ယာဉ်ဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ရေးနှင့် လျှပ်စစ်ယာဉ်သုံးစွဲမှုကို အားပေးသည့်မူဝါဒများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်များကိုလည်း ၎င်းဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။ ရထားဘူတာရုံများနှင့် လေဆိပ်များတွင် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ကဏ္ဍတွင် အခက်အခဲများဖြစ်လာခြင်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအပေါ်တွင် အကျိုးသက်ရောက်မှုများရှိလာခြင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဆန်းစစ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် လောင်စာဆီသုံးစွဲမှုကို ချွေတာရေးအတွက် ပြန်လည်ပြည်ဖြို့ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို မြှင့်တင်မည်ဖြစ်ကာ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေးအတွက် အရန်စားရေရိက္ခာ ထူထောင်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ပြောကြားသည်။ အစိုးရအနေဖြင့် လောင်စာဆီချွေတာရေးအသိပညာပေးလှုပ်ရှားမှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

# မလေးရှားနိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာမြှင့်တင်ရေး ဆောင်ရွက်

ကွာလာလမ်ပူ မတ် ၁၆

မလေးရှားနိုင်ငံသည် နိုင်ငံ၏ အနာဂတ် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဉာဏ်ရည်တုနည်းပညာ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်တွင် မသေချာမှုမှုများ မြင့်တက်နေချိန်တွင် နိုင်ငံတိုင်း၌ အမျိုးသားစီးပွားရေး ကြံ့ခိုင်မှုရှိစေရေး အပါအဝင် စီးပွားရေး၊ စွမ်းအင်၊ နည်းပညာနှင့် ထောက်ပံ့ရေးကွင်းဆက်များ ကောင်းစေရေးအတွက် ဦးစားပေး ဆောင်ရွက်နေကြောင်းနှင့် မလေးရှား နိုင်ငံသည်လည်း ၎င်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေကြောင်း မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးချုန်လီကန်က ပြောကြားသည်။ ဆိုကိဘာလုံခြုံရေးနှင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံကဏ္ဍတွင် ပြည်ပမှ နည်းပညာများကိုသာ အားပြုနေခြင်း မပြုဘဲ ပြည်တွင်းနည်းပညာကဏ္ဍတွင် ကိုယ်ပိုင်နည်းပညာဖြင့် အဆင့်မြင့်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မလေးရှားနိုင်ငံ အနေဖြင့် နိုင်ငံ့စီးပွားရေး မြှင့်တင်ရာတွင် အကျအညီပေးသည့် ပြည်တွင်း နည်းပညာများကို မြှင့်တင်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့စွမ်းအင်စျေးကွက်တွင် မတည်ငြိမ်မှုများဖြစ်နေချိန်တွင် ပြည်တွင်းရှိ စွမ်းအင်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များကို မြှင့်တင်ပြီး ပြန်လည်ပြည်ဖြို့ဖြိုးမြဲ စွမ်းအင်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ

# ဂျပန်နိုင်ငံ၌ လူမှုမီဒီယာတွင် သိကျွမ်းခဲ့သည့် ကျောင်းသူတစ်ဦးကို ပြန်ပေးဆွဲမှုဖြစ်ပွား

တိုကျို မတ် ၁၆

ဂျပန်နိုင်ငံတွင် အသက် ၄၄ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအား လူမှုမီဒီယာတွင် သိကျွမ်းခဲ့သည့် ကျောင်းသူတစ်ဦးကို ပြန်ပေးဆွဲမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းကျောင်းသူအား တိုကျိုမြို့မြောက်ပိုင်းရှိ ဟိုတယ်တစ်ခုတွင် ပြန်ပေးဆွဲဖမ်းဆီးထားရာမှ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂမ်ဓာစီရင်စုတွင်နေထိုင်သည့် ၎င်းကျောင်းသူအား နေအိမ်မှ ထွက်ခွာသွားပြီးနောက် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ရဲများက စုံစမ်းခဲ့ရာမှ တိုကျိုမြို့ တိုရှိမာဒေသရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ တရားခံရှိမှုရာကနဲ့ဂိုအား ဖမ်းဆီးနိုင်ခဲ့သည်။

တရားခံအမျိုးသားက ၎င်းကျောင်းသူ၏ ချောင်းဆိုးရောဂါအတွက် ကုသရန် ဆေးရှိုကြောင်း အွန်လိုင်းမှ လိမ်လည်ခေါ်ယူပြီး ဟိုတယ်တွင် ဖမ်းဆီးထားခဲ့သည်။ ၎င်းကျောင်းသူ၏ မိခင်က လိုက်လံရှာဖွေရာမှတစ်ဆင့် ရဲတပ်ဖွဲ့ဝင်များကို အသိပေးခဲ့ရာ ယခုကဲ့သို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ လူငယ်များအား အွန်လိုင်းမှ ယခုကဲ့သို့ သွေးဆောင်မှုများ ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပွားနေသဖြင့် စောင့်ကြည့်တားဆီးမှုများကို ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်နေသည်။

အမျိုးသမီးများနှင့် ကလေးများအား ပစ်မှတ်ထားသည့် ဆိုက်ဘာမှုခင်းများကို တိုက်ဖျက်ရေးအတွက် ကမ္ဘာ့နိုင်ငံများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်နေကြကြောင်း သိရသည်။

ကိုးကား- အင်နဲ့အိတ်ချ်ကေ ဘာသာပြန် - စိုးသူရ

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် ဘားအံမြို့နယ် ဒုံးမိတံတား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် မုရွာမြို့နယ် ဗုံးခဲရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် အင်္ဂပြားမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ဝ၉၆ တန်၊ အခြားသစ် ၅ ဒသမ ၇၈၉၂တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၈၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၄၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၉၂၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

မတ် ၅ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှု တွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၉၄၁၆၀) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

# ပြင်ဦးလွင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

ပြင်ဦးလွင် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ တရုတ်ဖူကျင်စာသင်ကျောင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရဲတပ်ကြပ်ကြီးအေးစိုး(ဇင်ယော်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ လမ်းမများပေါ်မှ အသံထွက်လူသတ်သမားများ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ယာဉ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမား တစ်ဦးအား လုပ်ငန်းခွင်အတွင်း၌ ထိခိုက်ခဲ့သော အမြဲတမ်း မသန်စွမ်း အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ထုတ်ပေးသည်။

လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော Global Electric စက်ရုံမှ အာမခံအလုပ်သမား ဦးပြည့်စုံအောင်၏ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှုကြောင့် ညာဘက်လက်ချောင်းများ ဖြတ်တောက်ခဲ့ရခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ၅၄၀၂၀၇၄ ကျပ်အား ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ကာယကံရှင်ထံ စက်ရုံမှတာဝန်ရှိသူများ၏ ရှေ့မောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၆

အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နေ မကျော့ကေခိုင်သည် ၎င်းနှင့် ခင်မင်ရင်းနှီးသည့် မော်ဒယ်သင်တန်းတက်ရောက်နေသူ မြန်မာအမျိုးသမီးတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဒိုင်းမွန်းကွန်ဒိုတွင် ကိုရီးယားဘာသာစကား သင်တန်းဖွင့်လှစ်ထားပြီး မြန်မာအမျိုးသမီးများအား Blind Date ပြုလုပ်ပေးနေသည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)နှင့် မိတ်ဆက်ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)က တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းမည်ဆိုပါက ထိုက်ထိုက်တန်တန် တင်ကောင်းငွေပေးမည်၊ တစ်လလျှင် အိမ်ထောင်စရိတ်အဖြစ် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ရာ ၎င်းကိုရီးယားဘာသာစကား သင်တန်းတွင် အလုပ်လုပ်ကိုင်နေသည့် နီဇင်မိုး(ခ)စုဂျင်းက ဘာသာပြန်ပေးခဲ့ကြောင်း။

ထို့နောက် တောင်ကိုရီးယား နိုင်ငံသား Mr. Bang Gyeong Cheol နှင့် တွေ့ဆုံပေးခဲ့ပြီး ရွှေတိဂုံဘုရားနှင့် ပြည်သူ့ရင်ပြင်ပန်းခြံတို့တွင် မင်္ဂလာဆောင်မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးခဲ့ကြောင်း၊ Mr. Bang Gyeong Cheol မှ ၎င်း အမျိုးသမီးနှင့် သုံးရက်ခန့် ပေါင်းသင်းနေထိုင်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ ပြန်သွားခဲ့သဖြင့် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ပြောဆိုခဲ့ရာ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ထံ ငွေကျပ် သိန်း ၆၀၀ ခန့် ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)က ၎င်းအမျိုးသမီးကို ငွေကျပ် သိန်း ၂၀ သာပေးခဲ့ကြောင်း စီစစ်သိရှိရသဖြင့် တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)၊ မကျော့ကေခိုင်နှင့် မနီဇင်မိုး(ခ)စုဂျင်းတို့အား အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်) က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကမာရွတ်မြို့မရဲစခန်း (ပ) ၁၈၃/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၃ ရက်တွင် ကမာရွတ်ခရိုင်တရားရုံးမှ တရားခံ တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန်၊ တရားခံ ကျော့ကေခိုင်နှင့် နီဇင်မိုး(ခ)စုဂျင်းတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက အတွင်းရေးမှူး-အမယ်ကြီးအို-စီးပွားရေးလမ်းပေါ်ရှိ တံတားချဉ်းကပ်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၈ ပေနှင့် ၃ ဖ လက်မခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

မြစ်ကြီးနား မတ် ၁၆

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်းသည် ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင် စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ် တို့အား စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ် ဝန်ကြီးချုပ်သည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနခွဲ ပြည်နယ်ပညာရေးမှူး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တာဝန်ကျ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မီးသတ် တပ်ဖွဲ့ဝင်များက ကြို/ပို့ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်သည့် ကျောင်းသား ကျောင်းသူများအား

ဘေးကင်းလုံခြုံစွာ လာရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးနေမှုနှင့် စာမေးပွဲစည်းမျဉ်းစည်းကမ်းများ နှင့်အညီ စစ်ဆေးဆောင်ရွက်နေမှု တို့ကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံစွာ စာဖြေနိုင်ရေး တာဝန်ရှိသူများက စနစ်တကျ ကူညီ ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် သည် စာမေးပွဲကြီးကြပ်ရေးမှူးရုံး ခန်း၌ တာဝန်ကျ ဆရာ ဆရာမများ နှင့်တွေ့ဆုံရာ တာဝန်ကျ ဆရာ ဆရာမများက အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်း၊ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)လ-၃ ကျောင်း၊ ပညာဘဏ်၊ K.S.S ကျောင်း၊ IPSS-2 ကိုယ်ပိုင်အထက်တန်း ကျောင်းများမှ စာရင်းပေးသွင်း ထားသည့်ကျောင်းသားကျောင်းသူ ၅၂၀ အနက် ၅၀၇ ဦး ဝင်ရောက် ဖြေဆိုလျက်ရှိသည့်အပေါ် စာမေးပွဲ လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်နေမှု အခြေအနေများ ကို တင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က ကျောင်းသား ကျောင်းသူ များ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားပြီး စာဖြေခန်းများအတွင်း ကျောင်းသားကျောင်းသူများဖြေဆို နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးရေးအဖွဲ့ရုံးခန်း ဖွင့်လှစ်ကာ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှု၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာ ရပ်နှင့် သမိုင်းဘာသာရပ်ကို ကချင် ပြည်နယ်အတွင်းရှိ စာစစ်ဌာန အသီးသီး၌ စာရင်းရှိကျောင်းသား ကျောင်းသူ ၁၂၈၀ အနက် ရူပဗေဒဘာသာရပ်၌ ဖြေဆိုသူ စုစုပေါင်း ၉၄၁၅ ဦး၊ သမိုင်း ဘာသာရပ်၌ ဖြေဆိုသူ ၂၂၈၈ ဦးရှိ ကြောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစာမေးပွဲတွင် စာစစ် ဌာန သုံးခု၌ ပဉ္စမနေ့တွင် မြေတိုင်း ပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်း များ၊ ဂဟေဆက်နည်းပညာ၊ သီးနှံ ကာကွယ်ရေး၊ ရေသတ္တဝါမွေးမြူ ရေးနှင့် ပျားမွေးမြူရေး စသည့် ဘာသာရပ်တို့ကို စာရင်းရှိဦးရေ စုစုပေါင်း ၂၀၀ တွင် ကျောင်းသား ကျောင်းသူအားလုံး ဖြေဆိုလျက် ရှိသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်သည် ပြည်သူ့အားကစားကွင်း အတွင်းရှိ ဝိုးလုံးလေလုံ အားကစား ခန်းမ၌ ရေအားလျှပ်စစ်မီကိန်း ဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင် ပြည်နယ်သေခဲ့်ကော်မတီကမြို့နေ ပြည်သူလူထုအား အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ် ဝန်ကြီးချုပ်သည် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ မြစ်ကြီးနားလေဆိပ် အတွင်း လေယာဉ်ပြေးဆွဲနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်ထား ရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# နွားမေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ဇီဝမြေဩဇာပြုလုပ်ခြင်း သင်တန်းဖွင့်

ဟင်္သာတ မတ် ၁၆

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာ နတ်မော်လမ်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးရုံး သင်တန်း ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက နွားမေထုန်မဲ့ သားစပ်ခြင်း၊ တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း နှင့် ဇီဝမြေဩဇာပြုလုပ်ခြင်း သင်တန်း(၂၀၂၆)ဖွင့်ပွဲ ကျင်းပ သည်။

အခမ်းအနားတွင် ဟင်္သာတ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ မောင်ဝင်းက သင်တန်းဖွင့်လှစ် ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ် ဦးစီးမှူး ဒေါက်တာ ယုနန္ဒာအောင် က သင်တန်းဖွင့်လှစ်ပို့ချပေးနိုင် ခဲ့မှုများ၊ သင်တန်းတွင် သင်ကြား မည့် ဘာသာရပ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားသွား မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲပဉ္စမနေ့ ရူပဗေဒ၊ သမိုင်းဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုလျက်ရှိ

အုတ်တွင်း မတ် ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရူပဗေဒ၊ သမိုင်းဘာသာရပ်တို့အား လည်းကောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်း စာစစ်ဌာနတွင် သီးနှံကာကွယ်ရေး၊ ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး ဘာသာရပ်တို့အား လည်းကောင်း ကျောင်းသား ကျောင်းသူများက အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာနှင့် အောင်မြင်စွာဖြေဆိုနိုင် ရေးအတွက် စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူး/လက်ထောက်ကြီးကြပ် ရေးမှူးများက အနီးကပ်ကြီးကြပ်လျက်ရှိပြီး ကျောင်းအတွင်း/အပြင် လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများအား အန္တရာယ်ကင်းရှင်းစေ ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏာဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ မတ် ၁၆ ရက် နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာ ရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ အေးချမ်း စွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိး | တောင်ကြီး | ပို့ဆောင် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၊၈၃၀ | ၂၊၉၄၀ | ၂၊၉၁၀ | ၂၊၈၇၅ | ၂၊၉၂၀ | ၂၊၉၆၅ | ၂၊၉၂၀ | ၂၊၉၀၀ | ၄၅၇၅ | ၃၁၉၅ | ၂၊၉၁၅ | ၃၀၄၀ | ၂၊၉၆၀ | ၂၊၉၂၅ | ၂၊၈၇၅ | ၃၂၀၀ |
| 95 Ron | ၂၊၉၃၀ | ၃၀၄၅ | ၃၀၁၀ | ၂၊၉၅၅ | ၃၀၅၀ | ၃၀၆၅ | ၃၀၈၅ | ၃၀၀၀ | ၄၈၆၀ | ၃၂၉၅ | ၃၀၂၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၅၅ | ၃၃၀၅ |
| HSD (500 ppm) | ၂၂၅၅ | ၃၃၂၀ | ၃၂၅၅ | ၃၂၂၀ | ၃၃၆၀ | ၃၃၆၀ | ၃၂၆၀ | ၃၂၇၅ | - | ၃၅၇၀ | ၃၂၉၅ | ၃၁၀၅ | ၃၃၃၀ | ၃၃၃၀ | ၃၃၅၀ | ၃၆၀၀ |
| HSD (50 ppm) | ၃၅၆၀ | ၃၆၀၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၀၀ | ၃၆၀၅ | ၃၆၀၅ | ၃၆၀၅ | ၄၀၀၀ | ၃၉၂၅ | ၃၆၀၀ | ၄၂၂၅ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၅ |
| HSD (10 ppm) | ၃၅၆၀ | ၃၆၀၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၀၀ | ၃၆၀၅ | ၃၆၀၅ | ၃၆၀၅ | - | ၃၉၂၅ | ၃၆၀၀ | ၄၂၂၅ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၊၉၆၆ | ၂၊၃၄၉ |
| 95 Ron | ၂၊၃၆၀ | ၂၀၅၅ |
| HSD (500 ppm) | ၃၀၂၂ | ၃၀၁၀ |
| HSD (50 ppm) | ၃၀၃၂ | ၃၀၆၉ |
| HSD (10 ppm) | ၃၀၃၂ | ၃၀၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေးနှပ်မှမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၁၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင် မတ် ၁၆

(၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဂေါက်သီးရိုက်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမျိုးသားပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တန်းလိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ရိုက်ချက်အလိုက် အကောင်းဆုံးဂေါက်သီးရိုက် အားကစားသမားဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ကျင်းပပြီး မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမား ၂၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းကော်မတီအသီးသီးက အလေးအနက်ထား ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း၊ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသရာတွင် ကဏ္ဍကြီးခြောက်ခုအလိုက် စုံလင်စွာခင်းကျင်းပြသသွားရန်နှင့် ဒေသ၏ Food Mark ဖြစ်သည့် အစားအစာများ၊ Land Mark ဖြစ်သည့် အသုံးအဆောင်များ၊ ထွက်ကုန်များစသဖြင့် စုံစုံလင်လင် ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ မုသင်ကျေးရွာကြက်ခြေနီအသင်းခွဲသို့ အရေးပေါ်လူနာတင်ယာဉ် လှူဒါန်း

ဘီးလင်း မတ် ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မုသင်ကျေးရွာ၌ မုသင်ကျေးရွာ ကြက်ခြေနီအသင်းခွဲငယ်ထံသို့ အရေးပေါ်လူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက သာယာကုန်းကျေးရွာ ကန်ကြီးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မုသင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကိုအေးက အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးမြဦးက ကြက်ခြေနီအသင်းခွဲအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင် ဦးစိုင်းထွန်းလှိုင်က အရေးပေါ်လူနာတင်ယာဉ် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပရာ ဘီးလင်းမြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက အလှူရှင် ဦးစိုင်းထွန်းလှိုင်နှင့် ဇနီး ဒေါ် ပန်းမွှေးထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ကျိုင်းတုံမြို့၌ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား သတင်းအချက်အလက်မျှဝေခြင်း စီမံကိန်းမိတ်ဆက်အခမ်းအနား ကျင်းပ

ကျိုင်းတုံ မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ စီးပွားရေးအရ အရေးပါသော အပင်များ၏ ဓာတုဖြေပါပေါင်းပါဝင်မှုနှင့် ၎င်းတို့အား အသုံးပြုနိုင်မှုများကို ဖော်ထုတ်ခြင်းနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား သတင်းအချက်အလက်မျှဝေခြင်း(FD-MLC Plant's Chemical) စီမံကိန်း မိတ်ဆက်အခမ်းအနားကို မတ် ၁၅ ရက်က ဟွမ်ဟိန်းဟိုတယ်၌ ကျင်းပသည်။

ဦးစွာ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန(ရေဆင်း)မှ စီမံကိန်းမန်နေဂျာ ဦးညွှန့်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်-၂ ဦးမင်းညီ၊ က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန(ရေဆင်း)မှ ဒေါက်တာ သီတာဆွေက စီမံကိန်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အပင်များ၏ ထူးခြားဂုဏ်သတ္တိဖြပ်ပေါင်းပါဝင်မှုအား ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ စီးပွားရေးအရအရေးပါသော အပင်များအား ဆန်းစစ်လေ့လာဖော်ထုတ်ရေး၊ အသုံးပြုစေးကွက်မြှင့်တင်နိုင်ရေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား သတင်းအချက်အလက်မျှဝေနိုင်ရေး ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ အောင်ဇင်မြင့်(ပြန်/ဆက်)

# နွားထိုးကြီးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်

နွားထိုးကြီး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နေမျိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဝိုးဇော်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဌေး၊ မြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးစိုးလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သွင်းကုန်များအပေါ်ကောက်ခံသည့် အခွန်အမျိုးအစားများ

ဝတ်မှုန်

> **"မြန်မာနိုင်ငံတွင်လည်း သွင်းကုန်များအပေါ် သာမန်အားဖြင့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ကြိုတင်ဝင်ငွေခွန်တို့ကို ကောက်ခံလျက်ရှိပြီး တင်သွင်းသည့် ကုန်စည်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်စည်ဖြစ်ပါက ရှေ့တွင်ဖော်ပြခဲ့သည့်အခွန်များအပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံပါသည်။ သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်အမျိုးအစားအားလုံးကို အကောက်ခွန်ဦးစီးဌာနက တင်သွင်းလာချိန်တွင် တာဝန်ယူကောက်ခံရခြင်းဖြစ်ပြီး ထိုသို့ကောက်ခံရခြင်းမှာလည်း သက်ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သွင်းကုန်လုပ်ငန်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ သွင်းကုန်လုပ်ငန်းမှ တစ်ဆင့် အခွန်ငွေရရှိမှုသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွင်းကုန်များအပေါ်၌ အကောက်ခွန် (Custom Duty)၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Service Tax)၊ တန်ဖိုးဖြည့်ခွန် (Value Added Tax) စသည်ဖြင့် အမျိုးမျိုးသော အခွန်အမျိုးအစားများကို ကောက်ခံလေ့ရှိကြပါသည်။

မြန်မာနိုင်ငံတွင်လည်း သွင်းကုန်များအပေါ် သာမန်အားဖြင့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ကြိုတင်ဝင်ငွေခွန်တို့ကို ကောက်ခံလျက်ရှိပြီး တင်သွင်းသည့် ကုန်စည်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်စည်ဖြစ်ပါက ရှေ့တွင် ဖော်ပြခဲ့သည့်အခွန်များအပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံပါသည်။ သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်အမျိုးအစားအားလုံးကို အကောက်ခွန်ဦးစီးဌာနက တင်သွင်းလာချိန်တွင် တာဝန်ယူကောက်ခံရခြင်းဖြစ်ပြီး ထိုသို့ကောက်ခံရခြင်းမှာလည်း သက်ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

သွင်းကုန်အပေါ် ကောက်ခံသည့် အခွန်အမျိုးအစားတစ်ခုချင်းအလိုက် မည်သည့်ပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက တာဝန်ယူကောက်ခံရသည်ကို ရှင်းလင်းတင်ပြလိုပါသည်။

### အကောက်ခွန်

အကောက်ခွန်ဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်အခွန်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အကောက်ခွန်စည်းကြပ်ကောက်ခံခြင်းကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်ရပါသည်။

### ကုန်သွယ်လုပ်ငန်းခွန်

၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ သို့ရာတွင် ယင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဇ) ၌ ပြဋ္ဌာန်းထားသည့် **ပြည်ပမှ ပစ္စည်းတင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှုန်းတစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်**ဟူသည့် ပြဋ္ဌာန်းချက်အရ သွင်းကုန်များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်းဖြစ်ပါသည်။

### အထူးကုန်စည်ခွန်

၂၀၁၆ ခုနှစ်၊ အထူးကုန်စည်ခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစားဖြစ်သော်လည်း အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယင်းဥပဒေ၏ ပုဒ်မ ၅ ပုဒ်မခွဲ (က) တွင် **တင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှုန်းအတူ ကောက်ခံပေးရမည်**ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် သွင်းကုန် (အထူးကုန်စည်)များအပေါ် ကျသင့်အထူးကုန်စည်ခွန်ကို အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်း ဖြစ်ပါသည်။

### ဝင်ငွေခွန်

၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံရသည့်အခွန်အမျိုးအစားဖြစ်ပါသည်။ သို့ရာတွင် အဆိုပါဥပဒေ ပုဒ်မ ၁၆- ခ အရ ထုတ်ပြန်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၉ အရ သွင်းကုန်အပေါ် အကောက်ခွန်စည်းကြပ်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကို ဝင်ငွေခွန်အတွင်း ကြိုတင်ခွန်အဖြစ် အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်း ဖြစ်ပါသည်။

### အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချရမည့် ကုန်စည်/ အထူးကုန်စည်များ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ထိရောက်စွာ အခွန်ကောက်ခံနိုင်ရေးအတွက် အချို့သော ကုန်စည်/ အထူးကုန်စည်များအပေါ် **အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချရမည့် ကုန်စည်/ အထူးကုန်စည်များအဖြစ်သတ်မှတ်**ကာ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချစေလျက်ရှိပါသည်။ လက်ရှိကာလတွင် အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချနေသည့် ကုန်စည်တစ်မျိုးနှင့် အထူးကုန်စည်လေးမျိုးရှိပြီး အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လက်ကိုင်ဖုန်း(Mobile Handset) ကုန်စည်
(ခ) စီးကရက်အမျိုးမျိုး အထူးကုန်စည်
(ဂ) အရက်အမျိုးမျိုး အထူးကုန်စည်
(ဃ) ဝိုင်အမျိုးမျိုး အထူးကုန်စည်
(င) ဆေးပေါ့လိပ် အထူးကုန်စည်

အထက်ပါကုန်စည်များအား တင်သွင်းသူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်အပေါ် ကျသင့်အခွန်များပေးသွင်းပြီးနောက် မိမိတင်သွင်းလာသည့် ကုန်စည်/ အထူးကုန်စည်များအပေါ် သတ်မှတ်ချက်နှင့်အညီ အခွန်အမှတ်တံဆိပ်များ ကပ်နိုပ်ရမည်ဖြစ်ပါသည်။ ထိုသို့ အခွန်အမှတ်တံဆိပ်များကပ်နိုပ်ပြီးမှသာ ကုန်စည်ကိုထုတ်ယူရပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်နှုန်းအတူ တစ်ပါတည်းကောက်ခံရရှိထားသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို စာရင်းပြုစု၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေစာရင်းအကောင့်သို့ သုံးလတစ်ကြိမ် လွှဲပြောင်းပေးလျက်ရှိပါသည်။

ဆောင်းပါးရှင်အနေဖြင့် မြန်မာနိုင်ငံ၌ သွင်းကုန်အပေါ် မည်သည့်အခွန်အမျိုးအစားများကို မည်သည့်ဥပဒေပြဋ္ဌာန်းချက်များအရ ကောက်ခံရသည်ကိုသိရှိနိုင်ရန်ရည်ရွယ်၍ ယခုဆောင်းပါးတွင် သွင်းကုန်များအပေါ် ကောက်ခံနေသည့်အခွန်အမျိုးအစားများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွန်ဥပဒေများ၊ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချရန် သတ်မှတ်ထားသည့် ကုန်စည်/ အထူးကုန်စည်များ တင်သွင်းခဲ့ပါက ဆောင်ရွက်ရမည့်အချက်များကို အကျဉ်းမျှသာ ဖော်ပြထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

■

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ပဆင-ဆုံကုန်း-ထန်းပင်ကန်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

အင်္ဂပူ မတ် ၁၆

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ် ပဆင-ဆုံကုန်း-ထန်းပင်ကန်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ လမ်းသစ်အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီး ဦးခင်မောင်ကြည်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်စန်းချစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၄၇ သိန်း ၈၈၄ သန်းဖြင့် လမ်းအရှည် ၀/၂ မိုင်၊ အကျယ် ၁၂ ပေ၊ ခု ခုနှစ်လက်မ ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၂၆၅ အိမ်၊ လူဦးရေ ၁၀၆၂ ဦးတို့အတွက် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

# တောင်ဥက္ကလာပမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်း ဆက်လက်ဖွင့်လှစ်

ရန်ကုန် မတ် ၁၆

တောင်ဥက္ကလာပမြို့နယ်တွင် အခြေခံယဉ်ကျေးလိမ္မာသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ယနေ့နံနက် ၉ နာရီခွဲက ဖွင့်လှစ်သည်။

ဦးစွာ သင်တန်းဆရာမ ဒေါ်သိဂီဝင်းနှင့် ဒေါ်အေးအေးမြင့်တို့က သင်တန်းတွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်၊ အိမ်ယဉ်ကျေးမှု၊ လမ်းယဉ်ကျေးမှု၊ ကျောင်းယဉ်ကျေးမှု၊ ယဉ်ကျေးလိမ္မာဆုံးမစာများကို သင်ကြားပို့ချသည်။

### သင်ကြားပို့ချ

သင်တန်းသို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက်သင်ယူကြပြီး သင်တန်းကာလကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ခင်ဆွေနွဲ(ပြန်/ဆက်)

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တောဓောတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၅-၂-၂၀၂၆ ရက်နေ့မှအဆက်)

ဘုရားရှင်က “ရဟန်းတို့ သင်တို့သည် ထိုအရပ်သို့ သွားရောက်နေကြလော။ သင်တို့သည် လက်နက်မယူဘဲသွားကြ၍ ဤသို့ဖြစ်ကြရသည်။ ယခုလက်နက်ကိုစွဲကိုင်၍ သွားကြလော့” ဟု မိန့်တော်မူလေသည်။ ဘုရားရှင်သည် မေတ္တာသုတ်တည်းဟူသော ကာကွယ်ရန်လက်နက်ကိုပေးလိုက်လေသည်။ ရဟန်းတို့ကလည်း ဤမေတ္တာသုတ်ကို တောထဲသို့ ဝင်သည်မှစ၍ ရွတ်ဖတ်သရဇ္ဈာယ်လျက် သူတို့နေသော တောအုပ်ကျောင်းသခ်ိမ်းသို့ ပြန်ဝင်ကြလေသည်။ ထိုရဟန်းတို့အား တောမှနတ်တို့သည် မေတ္တာသုတ်တရားနာကြား၍ မေတ္တာစိတ်ဖြစ်ပေါ်လာပြီး ထိုရဟန်းတို့ကို ဆီးကြိုသည်။ စောင့်ရှောက်ကြလေသည်။

ထိုရဟန်းတို့လည်း စိတ်၏တည်ကြည်မှုကို၍ မိမိကိုယ်၌ ကုန်ခန်းခြင်း၊ ပျက်စီးခြင်း ရှေးရှုထင်စေပြီး ဤအတ္တဘောကား ပျက်စီးတတ်ခြင်း၊ အနှစ်သာရမရှိခြင်းတို့ကြောင့် မြေအိုးနှင့်တူ၏ဟု ဝိပဿနာတရားပွားများလေသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်၌နေလျက် ရောင်ခြည်တော်များကို ထိုရဟန်းများထံသို့လွှတ်၍ ၎င်းတို့နေသည့်အလား (ကိုယ်တော်) ထင်ရှားစေလျက် **“ရဟန်းတို့ သင်တို့ပွားရသည့်အတိုင်းပင် ဤအတ္တဘောသည် ပျက်စီးတတ်ခြင်း၊ အနှစ်မရှိခြင်း၊ ဤခန္ဓာကိုယ်သည် မြေအိုးနှင့်တူသည်သာတည်း”** ဟု မိန့်တော်မူလေသည်။

ဤခန္ဓာကိုယ်ကို မြေအိုးခွက်တို့နှင့်တူသည်ကို ရဟန်းတို့ သိစေသည်။ မိမိ၏ဝိပဿနာစိတ်ကို မြို့ကြီးသဖွယ်လုံခြုံအောင် တည်ဆောက်ရမည်။ ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာတည်းဟူသောမာန်ကို တိုက်ခိုက်ဖြိုခွင်းကြလော့။ အောင်ဖြင်ရရှိသောတရားကိုလည်း စိတ်ဖြင့် အမြဲစောင့်ထိန်းထားရမည်။ ယင်းတရားခွဲ တွယ်တာကပ်ငြိနေခြင်းမူ မဖြစ်ရချေဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေသည်။ ဤတရားတို့ နာကြားပြီးသော် တောတွင်း တရားအားထုတ်နေသော ရဟန်းငါးရာတို့သည် ရဟန္တာများ ဖြစ်သွားကြလေသည်။

**ကိုယ်ပုပ်သော တိဿမထေရ်ကို ကယ်မခြင်း**

“တိဿ”မည်သော ရဟန်းသည် သာဝတ္ထိပြည်သား မထေရ်တစ်ပါးဖြစ်သည်။ ၎င်းသည် စကြီလျှောက်လျက် ကမ္မဋ္ဌာန်းကို အားထုတ်လေ့ရှိသည်။ ၎င်းသည် (ရှေးအတိတ်ဘ၀က်မှဆိုးဖြစ်စဉ်က ပြုခဲ့သော မကောင်းမှုကံကြောင့်) သူ့ကိုယ်တွင် မုန်ညင်းစေ့မျှရှိသော အဖုများပေါက်လာသည်။ အဖုများသည် ဆီးဖြူသီး၊ ဥသျှစ်သီးမျှ တဖြည်းဖြည်းကြီးလာသည်။ တစ်ကိုယ်လုံး အပေါက်များဖြစ်စေပြီး ပုပ်စော်နံလေသည်။ ယင်းသို့ ပုပ်စော်နံခြင်းကို



အကြောင်းပြု၍ ၎င်းအား “ပူတိ ဂတ္တ (ကိုယ်ပုပ်သော) တိဿမထေရ်”ဟု အမည်ဖြင့် ထင်ရှားလေသည်။ အရိုးများကလည်း ကျိုးကုန်၏။ ဝတ်ရုံသင်္ကန်းခဲ့ ပြည်၊ သွေးအလိမ်းလိမ်းကပ်နေပေသည်။

ယင်းသို့ သူသည် ရောဂါဝေဒနာခံစားနေရ၍ တပည့်ရဟန်းများက သူနှင့်အတူမနေဘဲ စွန့်ပစ်ထားကြပါသည်။ ထို့ကြောင့် ၎င်းသည် ညောင်းစောင်းပေါ်၌ တစ်ပါးတည်းအိပ်စက်နေရလေသည်။ သူသည် ခိုကိုးရာမဲ့၊ အားကိုးရာမဲ့ဖြစ်လေသည်။

ဘုရားရှင်သည် သတ္တလောကကြီးကို တစ်နေ့နှစ်ကြိမ် သဗ္ဗညုတဉာဏ်ဖြင့် ကြည့်လေ့ရှိပါသည်။ ဘုရားရှင်တို့ အလေ့အကျင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် ညချမ်းအချိန်ရောက်သော အခါ သဗ္ဗညုတဉာဏ်ဖြင့်ကြည့်သော် ယင်းပူတိဂတ္တ မထေရ်သည် ဘုရားရှင်၏ ကွန်ရက်ထဲသို့ရောက်လာသည်။ ဘုရားရှင်က ၎င်းမထေရ်သည် ရဟန္တာဖြစ်လတ္တံ့ကို မြင်တော်မူသည်။

ထို့ကြောင့် ဘုရားရှင်သည် ဂန္ဓကုဋိတိုက်မှ ထွက်၍ ဒေသစာရီကြွသကဲ့သို့ ကျောင်းပတ်လည် လှည့်သွားနေလေသည်။ ထို့နောက် မီးတင်းကုပ်သို့ ကြွ၍ ရေနွေးအိုးတည်ပြီးနောက် ညောင်စောင်းပေါ် အိပ်စက်နေသော ပူတိဂတ္တမထေရ်ထံသို့ သွား၍ ညောင်စောင်းကို စွဲကိုင်လေသည်။ ထိုအခါတွင် ရဟန်းတို့လာပြီး ယင်းညောင်စောင်းကို မချ၍ မီးတင်းကုပ်သို့ ယူဆောင်လာကြလေသည်။

ထို့နောက် ရဟန်းတို့အား ရောဇင်တုံကို ယူဆောင်စေပြီး ယင်းရေနွေးကို ရောဇင်တုံတွင် ထည့်၍ပူတိဂတ္တမထေရ်ကကိုယ်ရုံသင်္ကန်းကိုချွတ်ကာ ရေနွေးနှင့်နယ်၍ နေလှမ်းစေသည်။ ထို့နောက် ကိုယ်တော်၏ကိုယ်ကို ရေနွေးဖြင့် ပွတ်တိုက်ရေချိုးပေး၏။ နေလှန်းထားသော ကိုယ်ရုံသင်္ကန်းခြောက်၍ ပြန်ဝတ်စေပြီး ဝတ်ထားသော သင်းပိုင်သင်္ကန်းကိုလည်း ရေနွေးဖြင့်နယ်၍ နေတွင် အခြောက်လှန်းထားသည်။ ခြောက်သောအခါ ပြန်ဝတ်၍ ပေးလေသည်။ ထိုအခါ မထေရ်သည် ပေါ့ပါး၍ တည်ကြည်သောစိတ် ဖြစ်ပေါ်လာပါသည်။ ၎င်းအား ညောင်စောင်းတွင် ပြန်လည်အိပ်စေပါသည်။

ဘုရားရှင်သည် ၎င်းမထေရ်အိပ်သော ညောင်စောင်းခေါင်းရင်းတွင် ရပ်လျက် “ချစ်သားရဟန်း **သင်၏ ကိုယ်ထည်ရုပ်ကြီးသည် ဝိညာဏ်နာမ်ကင်းမဲ့ခဲ့သော် မည်သို့မျှအကျိုးမပေးဘဲ ဖွဲထင်းကဲ့သို့ ဖြစ်ချေမည်။ မြေ၌အိပ်ရလတ္တံ့**”ဟု မိန့်တော်မူလေသည်။

ဘုရားရှင်က ဆက်လက်၍ **“ဤခန္ဓာကိုယ်ရုပ်ကြီးသည် နာမ်ကင်းမဲ့လေသော် အသုံးမကျ အမှိုက်ထင်းတုံးကဲ့သို့ စွန့်ပစ်ရပေမည်။ မကြာမီပင် နာမ်ကင်းမဲ့ရုပ် ကိုယ်ခန္ဓာသည် မြေပေါ်၌ အိပ်ရလေမည်”**ဟု ဂါထာဖြင့် ဟောတော်မူသည်။

ဤသို့ ဘုရားရှင်ဟောသည့်တရားကို ကြားနာရသော “ပူတိဂတ္တတိဿမထေရ်သည် ရှေးယခင် အတိတ်ဘဝက ရဟန္တာတစ်ပါးအား ဆွမ်းလှူခဲ့သော ကောင်းမှုကံကြောင့် ရဟန္တာဖြစ်သွားလေသည်။ ထိုခဏ၌ပင် ပရိနိဗ္ဗာန်ပြုသွားရှာလေသည်။ ဘုရားရှင်က အလောင်းကို မီးသင်္ဂြိဟ်စေပြီး ဓာတ်တော်တို့ကိုယူ စေတီတည်ထားတော်မူလေသည်။

**နန္ဒန္တရားကျောင်းသားသည် သောတာပန်ဖြစ်ခြင်း**

သာဝတ္ထိပြည် အနာထပိဏ်သူဌေးနှစ် နန္ဒမည်သော နွားကျောင်းသားတစ်ဦးရှိသည်။ ၎င်းနန္ဒ နွားကျောင်းသားသည် နွားကျောင်းခြင်းဖြင့်ပင် ကြွယ်ဝချမ်းသာလာသည်။ သူသည် တစ်ခါတစ်ရံ၌ အနာထပိဏ်သူဌေးထံမှ အနုံ့အရသာနှင့် ပြည့်စုံသော နွားနို့ကိုယူလျက် ဘုရားထံသို့ကပ်ပြီး ဖူးမြော်ကာ တရားတော်ကို နာကြားလျက်ရှိသည်။ ၎င်းနွားကျောင်းသားသည် ဘုရားရှင်အား သူရှိသော အရပ်သို့ ကြွပေးပါရန် လျှောက်ထားသည်။ ၎င်းလျှောက်ထားသည်ကို ဘုရားရှင်က ၎င်း၏ ဉာဏ်ရင့်ကျက်ချိန် မရောက်သေး၍ကြွတော်မမူချေ။

ထို့နောက် နန္ဒ၏ဉာဏ်ရင့်ကျက်ချိန် ရောက်သော အခါ ရဟန်းအပေါင်းခြံရံလျက် ဘုရားရှင်သည် နန္ဒ၏နေရာအရပ်အနီးရှိ သစ်ပင်တစ်ပင်ရင်း၌ ကြွတော်မူလေသည်။ ထိုအခါ နန္ဒနွားကျောင်းသားသည် ဘုရားရှင်နှင့် ရဟန်းတို့အားပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် နွားနို့အရသာအလှူကို ဆက်ကပ်ပေးလှူလေသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်သည် အနုမောဒနာပြု၍ ဒါနကထာစသည်တို့ကို အစဉ်တိုင်း ဟောကြားတော်မူလေသည်။

ထိုနန္ဒသည် ဘုရားရှင်၏ တရားတော်ကို နာကြားပြီးသော် သောတာပန်ဖြစ်သွားလေသည်။ ၎င်းသည် နို့အရသာဆွမ်းများ ဘဉ်းပေးပြီး ကျောင်းသို့ ပြန်ကြွသောအခါ ဘုရားရှင်၏ သပိတ်ကို ကိုင်လျက် လိုက်ပို့လေသည်။ ဘုရားရှင်အားပို့ပြီး အပြန်တွင် နန္ဒသည် မုဆိုးတစ်ဦးက လေးဖြင့် ပစ်ခတ်သဖြင့် သေဆုံးလေသည်။ နောက်မှ လိုက်လာကြသော ရဟန်းတို့သည် သေဆုံးနေသော နန္ဒအလောင်းကိုမြင်၍ ဘုရားရှင်ထံသို့သွားကာ နန္ဒအသတ်ခံရ၍ သေဆုံးကြောင်း ဘုရားရှင်အား လျှောက်ထားကြလေသည်။

ဘုရားရှင်က “ရဟန်းတို့ ငါဘုရားကြွလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ဤနန္ဒသည် ယခုသေခြင်းမျိုးမှ မလွတ်နိုင်ချေ။ ဤသတ္တဝါတို့၏ ကိုယ်တွင်းရှိ မကောင်းသောစိတ်သည် အပဖြစ်သော ရန်သူတို့ မပြုနိုင်ကြသည့် သတ်ဖြတ်ပျက်စီးမှုမျိုးကိုပြုနိုင်သည်” ဟု မိန့်တော်မူသည်။ ထို့နောက် “ခိုးသူတစ်ယောက်သည် ရန်ဘက်ခိုးသူအား လည်းကောင်း၊ ရန်သူတစ်ဦးသည် ရန်သူတစ်ဦးအား လည်းကောင်း ထိုထိုအကျိုးမဲ့ပျက်စီးမှုကို (ဤဘဝ၌သာ) ပြုနိုင်ရာ၏။ မကောင်းသဖြင့် ဆောက်တည်ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူတို့ကို ထိုထက်ပိုပြီး (ဘဝအဆက်ဆက်) အကျိုးမဲ့ပျက်စီးပြုနိုင်ပေသည်”ဟူ၍ ဂါထာဖြင့် မိန့်ဖြွက်ဟောကြားလေသည်။

**မဏ္ဍရိယကောသိယသူဌေးကို ချွတ်ခြင်း**

မဏ္ဍရိယကောသိယ မည်သော ကုဋေ့ရေစီဆယ်ကြယ်ဝသော သူဌေးတစ်ဦးသည် သာဝတ္ထိပြည်နှင့် မနီးမဝေး သက္ကရအမည်ရှိ နိုဂ်းရွာ၌နေသည်။ ၎င်းသည် အလွန်နှမြော်တွန့်တိုသူတစ်ဦးဖြစ်သည်။ မိမိပစ္စည်းဥစ္စာများကို သူကိုယ်တိုင်လည်း မသုံးဆောင်ပေ။ ရဟန်း၊ သံဃာ၊ ပုဏ္ဏား အစရှိသည်တို့ကိုလည်း နည်းနည်းမျှ မပေးကမ်းမလှူဘဲနေသည်။

တစ်နေ့သ၌ ယင်းသူဌေးသည် မုယောမုန့်ကို စားချင်သည်။ ၎င်းသည် နှမြောသည့်အတွက် မည်သူမျှ မပေးမကျွေးရအောင် တစ်ယောက်စာနို့၊ ထောပတ်၊ ပျား၊ တင်လဲနှင့် ဆန်ကွဲမှန့်တို့ကို ဘုံခုနစ်ဆင့်အထက်သို့ယူပြီး တံခါးများပိတ်၍ သူ့ဇနီး မယားအား မုယောမုန့်ကြော်ရန် ပြင်ဆင်ခိုင်းလေသည်။

ဘုရားရှင်သည်ထိုနေ့နံနက်၌ ဤသတ္တလောက တစ်ခုလုံး ကျွတ်ထိုက်သူကို သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြန့်ကြက်သော် ဤမဏ္ဍရိယကောသိယသူဌေး သောတာပန်ဖြစ်လတ္တံ့ကို မြင်တော်မူလေသည်။ ထိုအခါ၌ ဆွမ်းမစားမီ ဤသူဌေးအား အမြန်ခေါ်လာရန် အရှင်မဟာမောဂ္ဂလာန်အား တာဝန်ပေးသည်။ လက်ဝဲရံမထေရ်ကလည်း ဘုရားရှင်စေခိုင်းချက်အရ သူဌေးအိမ် ဘုံခုနစ်ဆင့်ပြတင်းပေါက်တွင် ကောင်းကင်၌ တန်ခိုးဖြင့်ရပ်လျက်နေလေသည်။

**ဘုရားရှင်သည် ထိုနေ့နံနက်၌ ဤသတ္တလောကတစ်ခုလုံး ကျွတ်ထိုက်သူကို သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြန့်ကြက်သော် ဤမဏ္ဍရိယကောသိယသူဌေး သောတာပန်ဖြစ်လတ္တံ့ကို မြင်တော်မူလေသည်။ ထိုအခါ၌ ဆွမ်းမစားမီ ဤသူဌေးအား အမြန်ခေါ်လာရန် အရှင်မဟာမောဂ္ဂလာန်အား တာဝန်ပေးသည်။ လက်ဝဲရံမထေရ်ကလည်း ဘုရားရှင်စေခိုင်းချက်အရ သူဌေးအိမ် ဘုံခုနစ်ဆင့်ပြတင်းပေါက်တွင် ကောင်းကင်၌ တန်ခိုးဖြင့်ရပ်လျက်နေလေသည်**

ရောက်သောအခါ ဘုရားရှင်က သူဌေးအား “ဒကာ ဒကာမ၊ ဤဆွမ်းကို ဘုရားရှင်အား လှူဒါန်းလော့” ဟု ဆွမ်းခွက်ကို ပေးလိုက်သည်။ သူဌေးသည် ဆွမ်းခွက်ကို ယူ၍ ဘုရားရှင်ထံသို့ ပို့လိုက်သည်။ ဘုရားရှင်က ဆွမ်းခွက်ကို ကိုင်ထားသော လက်ကို ဖယ်ရှားစေသည်။ ဆွမ်းခွက်သည် ကြွေကွဲသွားသည်။ ဆွမ်းများသည် ကြွေစိတ်များနှင့် ရောနှောကျသွားသည်။ ဘုရားရှင်က “ဒကာ၊ ဤဆွမ်းကို ကြွေစိတ်များနှင့် ရောနှောကျသွားသဖြင့် ငါတို့ စားသုံး၍ မရတော့ပြီ။ ဒကာ ဒကာမ ပြန်ယူသွားလော့” ဟု ဆွမ်းခွက်ကို ပြန်

# ၂၀၂၆ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၆ ရက်နေ့မှ ၁၅-၃-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scannen Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | **နေပြည်တော်** | | | | | | |
| ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်နည်းပါးသောသူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၂ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | – | |
| ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁ | မကွေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | မြဝတီမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၁၀ | **မွန်ပြည်နယ်** | | | | | | |
| ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | **ရှမ်းပြည်နယ်** | | | | | | |
| ၁ | တောင်ကြီးမြို့ | ခံနိုင်နည်းပါးသောသူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၂ | ကျိုင်းတုံမြို့ | ခံနိုင်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| ၃ | တာချီလိတ်မြို့ | ခံနိုင်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီး ဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/၈လ**

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၆**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/၈လ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောဉာဏ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၀၈)၊ ၅- လွှာ၊ (ခြေရင်းခန်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရေးငါးချိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း။ ဝန်ခံကတိပြုသူ ဦးချိုလွင် [၁၄/အမန(နိုင်)၀၂၉၀၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တွယ်တာကျော်[၁၂/မဂဇ(နိုင်)၀၉၅၆၂]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၃ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမှလွဲ၍များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သရဖီဦင့်ဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၆)**
**အမှတ်(၄၃)၊ ပျဉ်းနားမြို့နယ်တရားရုံးလမ်း၊ ဘိုကုန်းမြို့နယ်၊ နေပြည်တော်။**

## ပျောက်ဆုံးကြောင်း

ရန်ကင်းမြို့နယ်၊ အမှတ်-၁ ရပ်ကွက် Golden City အိမ်ရာနေ (၁၁) ဦးဇော်မောင် ၏သား ဦးနေဝင်းမောင် [၁၃/လကန(နိုင်)၁၀၄၅၂၉] ၏ နိုင်ငံကူးလက်မှတ် အမှတ် MJ-320855မှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-09-777770341**

## ဥတုရာသီ တောကို မှီ၏

## “အများသိစေရန်အသိပေးကြေညာခြင်း”

ဒေါ်ကြည်ကြည်ဝင်း[၁၀/သဖရ(နိုင်)၀၈၇၁၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

သံဖြူဇလုံမြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ရှိသော ခရေအိမ်နှင့် ခရေအိမ်တည်ရှိရာ ကွင်းအမှတ်(၇)၊ ဘဲကုန်းကွင်း၊ ဦးပိုင်အမှတ်-၁၀၇၊ အကျယ်အနံ၊ မျက်နှာ၀-၄၃၀ပေ တောင်မြောက်အရှည် ၁၅၀ ပေရှိ မြေကွက်သည် မိခင် ရှိစဉ်ကတည်းက မိသားစုစီမံမှုအရလည်းကောင်း၊ (၂၅-၂-၂၀၁၉)ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ လည်းကောင်း မော်လမြိုင်ခရိုင်တရားရုံး၊ ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄ ၏ (၂၉-၄-၂၀၂၅) ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ လည်းကောင်း၊ မော်လမြိုင်ခရိုင်တရားရုံး၊ ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄ ၏ (၂၉-၄-၂၀၂၅) ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ ဝယ်ယူသူ ဦးစိမ်မှအရလည်းကောင်း၊ (၂၅-၂-၂၀၁၉)ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ ဝယ်ယူသူ မိခင် ရှိစဉ်ကတည်းက မိသားစုစီမံမှုအရလည်းကောင်း၊ ၁၅၀ ပေရှိ မြေကွက်သည် မိခင် ရှိစဉ်ကတည်းက မိသားစုစီမံမှုအရလည်းကောင်း၊ (၂၅-၂-၂၀၁၉)ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ လည်းကောင်း မော်လမြိုင်ခရိုင်တရားရုံး၊ ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄ ၏ (၂၉-၄-၂၀၂၅) ရက်စွဲပါ အိမ်ခြံမြေကွက်လွှဲပြောင်းပေးခြင်းကတိစာချုပ်အရ ဝယ်ယူသူ ဦးစိမ်မှအရလည်းကောင်း၊ ၁၅၀ ပေရှိ မြေကွက်သည် မိခင် ရှိစဉ်ကတည်းက မိသားစုစီမံမှု

## Zenith Ko Ko Facebook Account ပိုင်ရှင်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းနိုင် (၁၂/ဗဘတ(နိုင်)၀၂၉၃၀၆)၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ -

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းနိုင်အား လူမှုကွန်ရက်စာမျက်နှာများတွင် ကျွန်ုပ်တို့မိတ်ဆွေနှင့်တကွ မိသားစုဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေသည့်စကားလုံးများ၊ ရေးသားဖော်ပြချက်များ၊ အများသူငှာ အထင်အမြင်လွဲမှားစေရန် ပြောဆိုဆောင်ရွက်မှုများ၊ မဟုတ်မမှန်သည့် အကြောင်းအရာများဖော်ပြခြင်း၊ ယုတ်ရင်းကြမ်းတမ်းသော ဆဲဆိုမှုများပြုခြင်း၊ Video File များ တင်ခြင်းများ ပြုမူလျက်ရှိသည်ကို ကျွန်ုပ်တို့မိတ်ဆွေများမှ အချက်အလက်များ ရယူထားပါသည်။ အထက်ပါ အတိုင်းပြုမူဆောင်ရွက်မှုများမှာ ကျွန်ုပ်တို့မိတ်ဆွေနှင့်တကွ မိသားစုဝင်များ၏ ဂုဏ်သိက္ခာထိခိုက် နစ်နာစေသည့်အပြင် အကျိုးစီးပွားထိခိုက်နစ်နာစေပါသဖြင့် အဆိုပါပြုမူဆောင်ရွက်ချက်အသီးသီးအား ယနေ့မှစ၍ အဖြန်ဆုံးဖျက်သိမ်း၍ ထိုသို့ဆောင်ရွက်မှုများနှင့်ဝဝ်ဝန်းကျင်ရှိ ရှင်းလင်းတောင်းပန်မှုများ ပြန်လည်ပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ထို့ပြင် ယင်းကဲ့သို့ ကျွန်ုပ်မိတ်ဆွေနှင့်တကွ မိသားစုဝင်များ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်မှုများအား လူမှုကွန်ရက်စာမျက်နှာအသီးသီး၌ ပိုစ်တင်ခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မဟုတ်မမှန်ဖော်ပြခြင်း၊ ရိုင်းစိုင်းစွာ ပြောဆိုရေးသားခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ မြို့ဖေါ်ခြောက်ခြင်း၊ Account အတုများဖြင့် အသုံးပြုခြင်းများအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်ပါက ပြုသူများနှင့်တကွ ပါဝင်ပတ်သက် ဆက်နွယ်သူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးတင်မောင်သိန်း** | **ဒေါ်နိုင်စောသွယ်** | **ဒေါ်အေးဖြတ်မွန်** |
| **(စဉ်-၅၃၃၈)** | **(စဉ်-၀၉၈၉၉)** | **(စဉ်-၁၉၉၀၀)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**ဖုန်း - ၀၉-၅၀၆၁၁၅၊ ၀၉-၇၉၆၂၀၉၀၀၊ ၀၉-၉၆၉၀၄၉၂၃၃**

**အမှတ်-(၁၅၇)၊ ဒုတိယထပ် (A-3)၊ ၂၈လမ်း(အထက်)၊**

**ပန်းဘဲတာမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၇/A) ကျောင်းလမ်းတောင်ဝဲလုံးမြို့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၇/B)၊ မြေကွက်အမှတ် (၁၇၀)၊ ဧရိယာ (၀.၀၃) ဧကအကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်သည် ဒေါ်မြေမြေ (၁၂/မဂဘ(နိုင်)၀၁၄၁၀၅) မဂ်ဖုတ်(နိုင်)၀၁၁၁၅၅၂) တို့ ပူးတွဲအမည်ပေါက်ဖြစ်ပြီး ပူးတွဲအမည်ပေါက် ပိုင်ရှင်တစ်ဦးဖြစ်သည့် ဒေါ်သန်းသန်းမြိုင်မှ ၎င်းပိုင်ဆိုင်အရဖြစ်သည့် အထက်ဖော်ပြပါ မြေကွက်ထဲမှ (ဧရိယာ ၂၀ x ၄၀ ) ပေ အကျယ်အဝန်းရှိမြေနှင့်ယင်းမြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန်အတွက် ရောင်းဝယ်ရေးစာချုပ်ကို ဒေါ်ဝင်းမိုမိုလေးသည့် ၁၆ရက်နေ့တွင် ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ ရောင်းချရန် ကတိပြုသူ ဒေါ်သန်းသန်းနိုင်မှ ၎င်းပိုင်ဆိုင်အရဖြစ်သည့် အထက်ဖော်ပြပါ မြေကွက်ထဲမှ (ဧရိယာ ၂၀ x ၄၀ ) ပေ အကျယ်အဝန်းရှိမြေနှင့်ယင်းမြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန်အတွက် ရောင်းဝယ်ရေးစာချုပ်ကို ဒေါ်ဝင်းမိုမိုလေးသည့် ၁၆ရက်နေ့တွင် ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ ရောင်းချရန် ကတိပြုသူ ဒေါ်သန်းသန်းနိုင်မှ ၎င်းပိုင်ဆိုင်အရဖြစ်သည့် အထက်ဖော်ပြပါ မြေကွက်ထဲမှ (ဧရိယာ ၂၀ x ၄၀ ) ပေ အကျယ်အဝန်းရှိမြေနှင့်ယင်းမြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန်အတွက် ရောင်းဝယ်ရေးစာချုပ်ကို ဒေါ်ဝင်းမိုမိုလေးသည့် ၁၆ရက်နေ့တွင် ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟကိုကို+ဒေါ်စိုးပေတို့၏ လွဲအပ်ချုပ်အရ-**

**ဦးဝင်းမင်းမိုလိ (LL.B )**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၀၆၈၅၉)**

**အမှတ်-(၁၅၈/၁၈) ပေ-၂၀လမ်း၊ အထွေးပဒိုကျေးရွာ၊**

**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၁၀၁၃၃၊ ၀၉-၇၈၆၆၀၀၀၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဇော်ဘွယ်လေးကျေးရွာ၊ ကွင်းအမှတ် (ဇော်ဘွယ်လေး)၊ ဦးပိုင်အမှတ် (၂၉/၃၀)၊ ဧရိယာအကျယ်အဝန်း (၆၀ × ၁၀၀) ပေပေါ်ရှိ မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြူ(၀၊/ တတနေ(နိုင်)၀၄၇၉၃၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချေရန်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအကောင်းအပေါက်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားဖြင့်လွှဲပြောင်းပြီးဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဧရီနိုင်၏ လွဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဦးဦးသိန်း (ခ) ဒေါ်တောဘီ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၁)**

**အမှတ် (၆၀)၊ ၀၀ထပ်၊ မဟာမျိုးလမ်းမြို့လယ်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၇၇၃၄၄၅၀၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်းမြို့နယ် (၄၄)ရပ်ကွက်၊ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည်မဟုတ်ပါက ဤကြေညာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိကြောင်း ကတိပြုသူ ဒေါ်ခင်ခင်ဝင်း (၁၂/ဒကန(နိုင်)၀၁၀၉၇၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းလင်းထွေး (၇/ကပတ(နိုင်)၀၅၉၇၀၆) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေငြာပါသည့်နေ့ရက်မှ (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်း ပူးတွဲများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အေးနိုင်ပြေမိ
(၉/မဟန(ပြေ)၀၀၀၀၅၈)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူးနန္ဒာဦး LL.B, WIPO (Switzerland)
အထက်အရာရှိဥက္ကဋ္ဌ
(စဉ်၅၂၉၁၀/၂၀၂၀)

အမှတ်(၁၅၃)၊ ၅၀လမ်း၊ ၂၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၉၇၉၄၄၅၅၊ ၂၅၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ နယ်သာကီ(၂)လမ်း၊ အမှတ်(၆၅၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀ ပေ x ၆၀ပေ)ရှိ မြေ နှင့် နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ညို (၁၂/ဥတမ(နိုင်)၁၈၁၀၈၈)ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်အရောင်းအဝယ် နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ၃ိုင်ငံသားစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးကျော်ကျော်ဆင် [၁/ဥကမ(နိုင်)၁၉၀၉၀၀] ၏ လွဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ဝေဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၀)**

**အမှတ်(၁၅)၊ နိုင်ငွေဝါလမ်း၊ မြဒွယ်ပဉ်စိုက်ပျိုးရေးမြို့ ၄/ရပ်ကွက်၊**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-258465871, 09-953010778**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း အတည်ပြုဖြစ်ကြောင်း အများပြည်သူသိစေရန် ပြန်လည်ရင်းလင်းကြေညာခြင်း

ကြေးမုံသတင်းစာ၏ (၁၇-၂-၂၀၂၆)ရက်နေ့ စာမျက်နှာ(၂၉)ပါ ဦးစောမောင်မှ Daw Naing Naing Htun ADVOCATE No-18020 (8-2-2022) အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြော်ငြာထွင်း ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်စုစုအား ကွာရှင်းပြတ်စဲခြင်းမှာ တရားဝင်မှုမရှိပါ။ အစ္စလာမ်ဘာသာဝင်များဖြစ်သော (၁၁) ဦးအုဟာမိတ်၏သား ဦးစောမောင်(ခ)အုဆော်မတ် [၁၂/မဂဘ(နိုင်)၁၁၇၃၁၁]နှင့် (၁၁) အုမိန်၏ သမီး ဒေါစုစု(ခ)ဒေါ်ခိုဇာခါတု [၁၂/မဂဘ(နိုင်)၁၁၇၄၆၆]တို့သည် အစ္စလာမ်ဘာသာ ထုတ်ဝေစဉ်ဂဟေအရ ထိမ်းမြားလက်ထပ်ကြပြီး လင်မယားအဖြစ်ပေါင်းဖက်ကာ သားသမီးများ ထွန်းကားလျက်ရှိပါသည်။ ဦးစောမောင်၏ ကြေးမုံသတင်းစာပါ (၈-၁၂-၂၀၂၅)သွေးကော်ငေး၍ ကွာရှင်း ခြင်းမှာ မဟာမေဒဉ်ပဂေဒအရ အကျုံးမဝင်ပါ။ ကွာရှင်းပြတ်စဲမှုအတည့် ဖြစ်/မဖြစ်နှင့်ပတ်သက်၍ ဃသဝါမှုသတိပြုနိုကြားမှုလည်း မဟာမေဒဉ်ပဂေအရ အကြင်လင်မယားဖြစ်သော ဦးစောမောင်၏ သွေဟက်ပေးခြင်းမပေါ် ဓနီးဖြစ်သူ ဒေါစုစုအား တစ်စုံတစ်ရာမေးမြန်းစစ်ဆေးခြင်းမရှိသည့် မမူသတိဆုံးဖြတ်ချက်အပေါ် (၁၃-၂-၂၀၂၆) ရက်နွဲ့ပါစာအမှတ် (၁၃၂/ဖြ-ဓမ္မ/မလ၀/၀၀၂)၏ စာမှာ ဥပဒေနှင့်ညီညွတ်မှုမရှိ၍ ဦးစောမောင်နှင့် ဒေါစုစုမှာ ယနေ့တိုင် အတူနေလင်မယားဖြစ်၍ ကြေးမုံသတင်းစာပါ အချက်အလက်မှာ ဟုတ်ပြည်ကြောင်း ကျွန်ုပ်၏အမှုသည် ပြောကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါစုစု(ခ)ဒေါ်ခိုဇာခါတု၏ လွဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရဲခြည်သွန္တာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၀၄/၁၆-၀-၂၀၁၈)**

**Royal Thiri Condo၊ ဒီဇွန်း(၀)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၅၀၅၇၁၀၆၉**

## တောတောင် ပျက်ပြုန်း မြေဆီသဉ်း၏

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊ အမှတ်(၁၆/၁၈)၊ ၂-ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ် (ဒုတိယအလွှာ/ခေါင်းရင်းခန်း)ရှိ မြေပိုင်ဆိုင်မှုအပေါ် တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ မြေနှင့် တိုက်ခန်းသည် ၁။ ဦးကျော်ဧောပိန်း (၁၁/စတန(နိုင်)၀၆၉၄၂၉) ၂။ ဒေါသူစာဆောင်း(၁၁/ကဖန(နိုင်)၀၇၈၂၃၅)တို့မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ၁။ ဦးဟန်စိန် [၇/ပခန(နိုင်) ၀၆၂၈၁၂] ၂။ ဒေါရင်ရင်အေး [၇/ပခန(နိုင်)၀၆၂၇၁၀]တို့မှ (၁၅-၃-၂၀၂၆) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယနေ့ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဟန်စိန်နှင့် ဒေါ်ရင်ရင်အေး၏ လွဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ပါပါလွင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၃၄)**

**အမှတ်(၄၀)၊ စာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၄၂၂၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅)ကွင်းရပ်၊ ဦးပိုင်အမှတ်(၂၀/ခ)၊ ဧရိယာ (၀.၀၈၃)ဧကရှိ ဘိုးဘွားပိုင် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေ စာရင်းဝိုဒ်းစီးဌာန မှတ်ပုံတင် (၁-က) စာရင်းတွင် မာမက်မူစတာဖ၊ ကွယ်လွန်သွားသဖြင့် ၎င်း၏ အမွေစားခွေခံများဖြစ်ကြသော ဒေါ်ကြည်ကြည်အေး၊ ဦးအောင်ကိုဦး၊ ဒေါသက်သက်မာ၊ ဦးကျော်နိုင်ဝင်း၊ ဒေါ်ဖြူစင်ဝင်းတို့(၅)ဦးက မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "အိမ်နှင့်မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၄၀/၂၀၂၅ အရ ချုပ်ဆိုကြောင်းခဲ့ကြပါသည်။ ၎င်းတို့(၅)ဦးထံမှ "မြေကွက်သက်သက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၅၀၄/၂၀၂၅ အရ ဦးတင်စိန်(ခ)မောက်ကရင်က ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးတင်စိန်(ခ)မောက်ကရင်က ၎င်း၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးတင်စိန်(ခ)မောက်ကရင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိရပ်ကွက်၊ အကွက်အမှတ်(၉၂/ဖက်ခင်း)၊ ဦးပိုင်အမှတ်(၈၂/တ)၊ ဧရိယာ (၀.၀၃၉)ကေ၊ ဦးပိုင်အမှတ်(၈၂/ထ)၊ ဧရိယာ(၀.၀၃၃)ကေနှင့် ဦးပိုင်အမှတ်(၈၂/ဆ)၊ ဧရိယာ(၀.၀၂၀)ကေ စုစုပေါင်းဧရိယာ(၀.၀၇၈)ကေရှိ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ခင်အေးအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

အထက်ပါမြေကွက်များကို ဒေါ်ခင်အေးမှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်သက်သက် မွေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အမှတ်-၆၇၉ /၂၀၂၅ အရ ဒေါမစန်းဦးအား မွေတ္တာဖြင့်ပေးခဲ့၍ ဒေါမစန်းဦးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အမည်ပြောင်း လျှောက်ထားလာခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိရပ်ကွက်၊ အကွက်အမှတ်(၉၂/ဖက်ခင်း)၊ ဦးပိုင်အမှတ်(၈၂/ခ)၊ ဧရိယာ (၀.၀၄၆)ကေ၊ ဦးပိုင်အမှတ်(၈၂/ဆ)၊ ဧရိယာ(၀.၀၃၃)ကေနှင့် ဦးပိုင်အမှတ်(၈၂/ဇ)၊ ဧရိယာ(၀.၀၂၀)ကေ စုစုပေါင်းဧရိယာ(၀.၀၉၉)ကေရှိ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ခင်အေးအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

အထက်ပါမြေကွက်များကို ဒေါ်ခင်အေးမှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်သက်သက် မွေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အမှတ်-၆၇၈ /၂၀၂၅ အရ ဒေါမစန်းဦးအား မွေတ္တာဖြင့်ပေးခဲ့၍ ဒေါမစန်းဦးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အမည်ပြောင်း လျှောက်ထားလာခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိရပ်ကွက်၊ အကွက်အမှတ်(၉၂/ဖက်ခင်း)၊ ဦးပိုင်အမှတ်(၈၂/ဏ) ဧရိယာ (၀.၀၄၄)ကေရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမိခင် ဒေါ်ခင်အေးအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

အထက်ပါမြေကွက်ကို ဒေါ်ခင်အေးမှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်သက်သက် မွေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အမှတ်-၆၇၈/၂၀၂၅ အရ ဒေါစန္ဒာမြင့်အား မွေတ္တာဖြင့်ပေးခဲ့၍ ဒေါစန္ဒာမြင့်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်စက်မှုစုန်း မြေကွက်အမှတ်(၁၅၇)၊ မြေဧရိယာ-(၃.၁၈၂)ကေ အကျယ်အဝန်းရှိ၊ နှစ်(၆၀) မြေငှားကန်ထရိုက်စာချုပ်အရ ငှားရမ်းခံစားခွင့်ရှိသူ မြေဧည်းသက်သက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်သူများ ဖြစ်ကြသော အီလဲရာဇ် (ခ) ဦးစိုးမြင့် (၉/မထလ(နိုင်)၀၄၃၀၉၇)နှင့် ဦးနေသင်းစိုး (၉/မအဖ(နိုင်)၀၂၀၈၇၁)တို့ ခွဲစိုးထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကြံရန်နှင့် မြေပေါ်ရှိ အဆောက်အအုံများ ဖယ်ရှားရန်အတွက် ကျွန်ုပ်ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကြံနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိ

## ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၃၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် မတ် လ (၁၆) ရက်နေ့**

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အစမှံထုတ်ဝေသည်*

**Jackpot ဆုမဲစနစ် ကျပ်သိန်း (၂၀၀၀)ဆု**

ပ - ၉၆၄၁၂

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု**

ဃ - ၁၆၇၉၇

ပ - ၄၂၅၆၅

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆု**

မ - ၁၆၅၂၀ ခ - ၅၅၀၄၃

ထ - ၂၅၂၀၆

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀၀)သိန်းဆုများ**

ရ - ၁၈၅၅၄ ည - ၄၆၁၂၃

ဟ - ၂၅၂၄၅ ဗ - ၇၆၉၆၁

က - ၃၁၈၁၉

ကံထူးရှင်(၅)ဦး

**ဆုတစ်ဆုချင်း ကျပ်(၅၀)သိန်းဆုများ**

ယ- ၁၉၈၅၃ ဆ- ၅၇၉၂၃ နှ - ၆၃၉၀၃

ခ - ၄၅၅၆၃ သ- ၅၉၂၂၇ ခ - ၇၆၇၅၀

ဃ- ၅၄၁၁၄

ကံထူးရှင်(၇)ဦး

**ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆုများ**

ခ - ၁၂၁၂၂ ဂ - ၃၀၉၀၅ ပ - ၄၈၃၁၄ ဗ - ၇၀၅၁၈

တ- ၁၄၃၀၆ ပ - ၄၄၇၉၃ အ - ၅၈၃၆၇ ထ - ၉၂၃၈၂

ကံထူးရှင်(၈)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဒ - ၁၂၃၄၅ ယ - ၂၀၁၁၉ ဝ - ၃၈၁၆၆ ည - ၅၆၄၁၁

က- ၁၆၀၆၁ အ - ၂၆၀၂၀ ခ - ၄၂၅၈၇ သ - ၈၉၇၃၃

ပ - ၁၆၈၄၃ စ - ၃၆၉၆၂ ဂ - ၄၃၃၈၂

ကံထူးရှင်(၁၁)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

ရ - ၄၅၁၉ ဒ - ၇၃၃၃ င - ၈၀၈၁

အကူရာနှင့်ရှေ့ကဏန်း(၄)လုံးအစဉ်လိုက်တွေ့ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၅)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၃)ယူနစ်**

ဃ - ၁၂၁ တ - ၅၇၅

ဆ - ၁၂၂

အကူရာနှင့်ရှေ့ကဏန်း(၃)လုံးအစဉ်လိုက်တွေ့ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၇၃)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၆)ယူနစ်**

၈ - ၁၅ ခ - ၄၅ င - ၇၀

ဇ - ၂၇ ယ - ၆၁ ခ - ၈၂

အကူရာနှင့်ရှေ့ကဏန်း(၂)လုံးအစဉ်လိုက်တွေ့ - ကျပ်(၅)သောင်း

ကံထူးရှင်(၃၂၂၆)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၇)ယူနစ်**

ရ - ၂ သ - ၆ ဝ - ၇ ဒ - ၈

င - ၄ လ - ၇ ဃ - ၈

အကူရာနှင့်ရှေ့ကဏန်း(၁)လုံးအစဉ်လိုက်တွေ့ - ကျပ်(၁)သောင်း

ကံထူးရှင်(၃၈၅၃၉)ဦး

၁။ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ကျပ်ငွေသည့် (၃၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဆွဲခွင့်ခဲအတွက် ဆုံး (၄၁၀၉၉၀)ဆု ဖွင့်လွှစ်ပေးခဲ့ပြီး ခုနစ်ပေါင်း ကံထူးရှင် (၄၁၀၉၉၀)ဦး ဖြစ်ပါသည်။

၂။ မရောင်းရသေးလက်မှတ်များမှ ပေါ်ထွက်လာသော ဆုံး ခုနစ်ပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ (၃၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုံးများအနေက် ကျပ် (၁၀)သိန်းအထက် ဆုံးများအား ထီဆုငွေထုတ်ပေးမည်ဖြစ်ပြီး ကျပ်(၁၀၀)သိန်းနှင့်အောက် ဆုံးများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းဆိုင်၏ထီကံစမ်းဆယ်ယူရာတွင် အလုပ်ပြုပေးနေရသူ ဥပေးနေသူများစုစုစုံမှတ်စဉ်ဆင့် ပြန်လည်ထုတ်ပေးနည်းဖြစ်ပါသည်။

၄။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreign Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးဝိုဒီယိုနှင့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

---

### “ အမှတ်တံဆိပ်အသိပေးကြေညာခြင်း ”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ် ၁၃ ရပ်ကွက်၊ ချစ်ကောင်းလမ်း၊ အမှတ်-၁၇၁၉တွင် နေထိုင်သော ဒေါ်မြင့်မြင့်ခင်၊ မှတ်ပုံတင်အမှတ် (၁၂/သလန(နိုင်) ၁၁၀၉၄၁) သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number- T/2026/000775 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

**လျှောက်လွှာနံပါတ် - T/2026/000775**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် Serum၊ Lotion၊ မျက်နှာသစ်ဆပ်ပြာ၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့် အခြား အလှကုန်ပစ္စည်းများအား ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ မည်သူမဆိုပြင် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လုပ်ငန်းသုံး အမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုဂြမ်း တုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူ လုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူ တုပသုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုဂြမ်း တုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ခင် ၏ လွှဲအပ်ညှိနှိုင်းကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်**
**(LL.B,D.B.L,D.I.L,D.M.L,D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၅၇၇)**

**ဒေါ်စင်မာအောင်**
**(LL.B, LL.M)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၂၆၄၆)**

**အမှတ်(၁၉)၊ ရွှေကျွန်းအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၉၈၄၇၂ ၀၉-၇၉၅၂၉၂၄၇**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂-ရပ်ကွက်၊ ရာဇကုမ္မာရ်လမ်း၊ အမှတ်(၅၇၁)ဟူသော်တွင်သည့် မြေတိုင်း ရပ်ကွက်အမှတ် ( ၁၂)၊ မြေကွက်အမှတ် ( ၅၇၁)၊ ဧရိယာ (၅၃ ဒ့ဲ ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ (၂၃ဒ့ဲပေx၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပိုင်ဆိုင်ကြောင်း၊ အမွေဆိုင့် အပေါင်အနှံ့ အရွယ်အရှင်း ကင်းရှင်းကြောင်းနှင့် လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဝေ (၁၂/မဂတ(နိုင်)၀၄၉၄၂၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်စဒေသကို ရရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄) ရက် အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညှိနှိုင်းချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၀၄၁၇)**
**အမှတ်-၂၆၀ (ခြေညီထပ်)၊ ဘုရားလေး (၁) လမ်း၊ ကြည့်စုရပ်ကွက်၊**
**ဒေါ်ပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၂၄ ၊ ၀၉-၇၉၁၅၅၅၀၅**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်း၊ရပ်ကွက်အမှတ်-၄၆၊မြေကွက်အမှတ်-၁၁၉၆၊မြေကွက်တည်နေရာအမှတ်(၁၁၉၆)၊မင်္ဂလာသုခလမ်း၊နှင့်လွှင်ကော်လမ်းထောင့် (၄၆)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒုတိယမှူးကြီးဘောင်သန်းထွဋ်(TKA-၀၂၅၄၄၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-၃တိယခိုလံမှူးကြီးဘောင်သန်းထွဋ်(TKA-၀၂၅၄၄၃)အားတရားပြိုင်ထားကာဒေါ်တင်တင်ညွန့်မှတရားလိုပြုလုပ်၍ဒဂုံမြို့သစ်ခရိုင်တရားရုံး၌တရားမကြီးမှုအမှတ်-၂၀၆/၂၀၂၄ခုဖြင့်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရေးလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ်အနိုင်ဒီကရီချမှတ်သည့်(၂၇-၁၂-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ဒီကရီနှင့်တရားမစွာလီမှုအမှတ်-၂၄/၂၀၂၅တို့အရတရားရုံးကိုယ်စားဘီလစ်ခေါ်ခင်မြတ်မြတ်မင်း(၁၂/ဘဂရ(နိုင်)၀၂၀၉၇၅)မှကရန်းနိုင်/ကတ်(၉-၄-၂၀၂၅)ရက်စွဲပါဘီလစ်ခန့်စာတရားရုံးအမိန့်တို့တင်ပြချိန်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်း၊ ရပ်ကွက်အမှတ်(FMI-8)၊ မြေကွက်အမှတ်(၁၃၈)၊ ဧရိယာ(၀.၁၁)ကေ၊ မြေကွက်တည်နေရာအမှတ်(H-35)၊ ရွှေသရဖီ(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမျိုးလွင် (၁၀/မလမ (နိုင်)၀၂၆၇၈၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမျိုးလွင် (၁၀/မလမ(နိုင်)၀၂၆၇၈၄)ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ မြေရာဇဝင်မှတ်ချက်တွင် (၂၀၁၄)ခုနှစ် ဦးမျိုးလွင်မှ ဘဏ်ချေး မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ဘဏ်ချေးမြေပုံ၊ မြေရာဇဝင်အား ထုတ်ယူခဲ့ပြီး အဆိုပါ ဘဏ်ချေးမြေပုံ၊ မြေရာဇဝင် သည် ဘဏ်ချေးကိစ္စဆောင်ရွက်ခြင်း မရှိတဲ့ ပျောက်ဆုံးသွားခဲ့ကြောင်း၊ ဘဏ်ချေးမြေပုံ၊ မြေရာဇဝင်ပျောက် ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့် ဘဏ်ချေးမြေပုံ၊ မြေရာဇဝင်ပျောက် ဆုံးခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှဲဝတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက် အထား များ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်ပြုဖြစ်ပါကြောင်းနှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**ကျွေးသည် အသက်**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၂ နည်းဥပဒေ ၁ နှင့် ၅)**

**ကမာရွတ်ခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၅**

ဒေါ်ခင်သိန်း (ငင်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စီတာမြင့်) ... နှင့် ... ၁။ ဒေါ်သီတာလွင် ၂။ ဒေါ်ခင်မိုးဆွေ ၃။ ဦးအောင်သန်း

**တရားလို** **တရားပြိုင်များ**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ နိုင်ရွှေပါ(၂) လမ်း၊ အမှတ်-၁၉/၁၇(၈) ခန္ဓ (၁) တရားပြိုင် ဒေါ်ခင်မိုးဆွေ နှင့် (၂)တရားပြိုင် ဦးအောင်သန်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူများ)** သိစေရမည်။

သင်တို့အပေါ်၌ တရားလို့က **ပူးပေါင်းလိမ်လည်၍ ရရှိထားသော ဒီကရီ ပယ်ဖျက်ပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၆) ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက် အမည်ပါယူသည် တရားလို့၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိုမှုမည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ဤရုံးလက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( ဇော်မင်းထွဋ် )**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

---

### “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခရောင်တိုက်မြို့နယ်၊ ခရောင်တိုအရှေ့ ရပ်ကွက်၊ ဗဟိုလမ်းရှိ (အလျားခပေ၀ပေx အနံ၄၄ပေ) (အလျား၁၁၀ပေx အနံ၄၄ပေ) အကျယ်အဝန်းရှိသော မြေကွက်ကို ဦးခင်မြင့် (၇/ပခတ(နိုင်) ၀၀၂၀၂၂) မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရွယ်အရှင်း ကင်းရှင်းကြောင်း ပြောဆိုပြီး ရောင်းချရန်ရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဦးမှလည်း ဝယ်ယူရန်အတွက် စရန်ငေးစာချုပ် ချုပ်ဆိုကာ စရန်ငွေ တစိတ်တစ်ဒေသ ပေးချေပြီး ဖြစ်သောကြောင့် အဆိုပါအရောင်းအဝယ် နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက တိကျခိုင်မာသော စာရွက်စာတမ်း ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညှိနှိုင်းကြားသူ**
**ဦးမောင်မောင်ဦး**
**[၁၂/တတန(နိုင်)၁၁၇၃၇၈]**

